မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာ ၂၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၂)

ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာ၌လည်းကောင်း၊ ထိန်းသိမ်းစောင့်ရှောက်ရာ၌လည်းကောင်း အင်အားတောင့်တင်းသော စီးပွားရေးလုပ်ငန်းရှင်များနှင့် ပညာတတ်များက ရှေ့ဆောင်ရှေ့ရွက်ပြုရမည်ဖြစ်ရာ မိမိတို့ကိုယ်တိုင် မိမိတို့၏စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ အမြော်အမြင်ရှိရှိ၊ အရည်အသွေးရှိရှိ လုပ်ကိုင်တတ်သော လုပ်ငန်းရှင်များ၊ ရိုးသားဖြောင့်မတ်ပြီး အများက လေးစားသည့် လုပ်ငန်းရှင်များဖြစ်အောင် အမြဲဆင်ခြင်သုံးသပ်ကြိုးစား။

သိင်္ဂါလောဝါဒသုတ္တန်လာ

(ဒါယကာကျင့်ဝတ်ငါးပါး)

မြတ်စွာဘုရားသည် ဒါယကာ၊ ဒါယိကာမများအား ရဟန်းသံဃာတော်များအပေါ် ယုံကြည်ကိုးစား အားထားကိုးကွယ်ရာ၌ သဒ္ဓါကျွံ၍ တဏှာလွန်သည်ဟူသော တွယ်တာမှုလောဘကို အခြေခံကိုးကွယ်ဆည်းကပ်မှုမျိုးမဖြစ်စေရန် ကိုးကွယ်ဆည်းကပ်ရန် နည်းလမ်းမှန်ကို သွန်သင်ညွှန်ပြဟောကြားခဲ့ပါသည်—

- ရဟန်းသံဃာတော်များအား ကိုးကွယ်ရာတွင် မေတ္တာနှင့်ယှဉ်သော ကာယကံမှုကို တရားတော်နှင့်အညီ ဆည်းကပ်ကိုးကွယ်ရမည်။
- မေတ္တာနှင့်ယှဉ်သော ဝစီကံမှုဖြင့် တရားတော်နှင့်အညီ သံဃာတော်များကို ဆည်းကပ်ကိုးကွယ်ကြရမည်။
- မေတ္တာနှင့်ယှဉ်သော မနောကံမှုဖြင့် တရားတော်နှင့်အညီ သံဃာတော်များကို ဆည်းကပ်ကိုးကွယ်ကြရမည်။
- အမြဲမပြတ်လှူဒါန်းလိုသော အလောဘစိတ်ထားရှိ၍ အလှူခံပုဂ္ဂိုလ်အား တံခါးဖွင့်ကာ မျှော်လင့်စောင့်ဆိုင်းနေသည့် စေတနာသဒ္ဓါတရားမျိုး ဖြစ်ရမည်။
- ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသော အာမိသတို့ကို ပေးလှူခြင်းဖြင့် သံဃာတော်များကို ပြုစုစောင့်ရှောက်ကြရမည်။

သိင်္ဂါလသူကြွယ်သား ဤငါးပါးသောအကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် သာသနာတော်ကို ပြုစုစောင့်ရှောက်ကုန်လော့။ ***စာမျက်နှာ ၁၀ ကော်လံ ၁*** ✻

နိုင်ငံတော်အစိုးရအနေဖြင့် ကုန်ထုတ်လုပ်မှုကို အလေးထားအားပေးလျက်ရှိသည့်နည်းတူ ကုန်သွယ်မှုလုပ်ငန်း ဖွံ့ဖြိုးလာအောင်လည်း အခွင့်အလမ်းကောင်းများ ဖန်တီးပေးလျက်ရှိ နိုင်ငံတော်အကျိုးနှင့် ပုဂ္ဂလိကတစ်ဦးချင်း၏အကျိုးကို မျှမျှတတချင့်ချိန်ဆောင်ရွက် လက်ငင်းအကျိုးအမြတ်ရရှိရေး ဆူလွယ်နပ်လွယ်နည်းလမ်းများဖြင့် လုပ်ကိုင်၍မဖြစ် ရေရှည်တည်တံ့အကျိုးဖြစ်ထွန်းမည့် စီးပွားရေးလုပ်ငန်းများ တီထွင်ကြံဆလုပ်ကိုင်

နေပြည်တော် အောက်တိုဘာ ၂၁

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းရှင်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဆွေးနွေးပွဲခန်းမ၌တွေ့ဆုံ၍ တိုင်းပြည်၏စီးပွားရေးဘဝ အခြေခိုင်ခိုင်မာမာ လမ်းကြောင်းမှန်မှန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းမှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ခင်းကျင်းပြသထားသော ပြည်ပပို့ကုန်သစ်သီးဝလံများ၊ တီထွင်ထုတ်လုပ်ထားသော စားသောက်ကုန်များ၊ ကုန်ချောထုပ်ပိုးပစ္စည်းများ၊ ဆန်နှင့်ဆန်ထွက်ပစ္စည်း အခြေခံစားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံ အခြေခံစားသောက်ကုန်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

ပြည်သူတို့၏လူနေမှုဘဝ ပိုမိုတိုးတက်မြင့်မားလာရေး နိုင်ငံတော်နှင့်အတူ ပူးပေါင်းလက်တွဲကြိုးပမ်း

ကချင်ပြည်နယ်သည် ရေမြေသဘာဝ သယံဇာတကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်သည်။ ယခင်ကာလက နယ်မြေဒေသ အေးချမ်းသာယာမှုမရှိသဖြင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသော်လည်း ယနေ့ကာလတွင် ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံကောင်းများကို တည်ဆောက်ပေးလျက်ရှိရာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေးတွင် ယခင်က မြစ်ကြီးနားမှ ပူတာအိုသို့ လေကြောင်းလမ်း တစ်ခုတည်းကိုသာ အားကိုးသွားလာခဲ့ရရာမှ ယခုအခါ မော်တော်ယာဉ်များဖြင့် ဆက်သွယ်သွားလာနိုင်ကြပြီ ဖြစ်သည်။ ထို့အပြင် ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၊ နမ့်မြစ်ခ၊ မလိယန်၊ နန်ဆန်ယန်၊ မိုးလဲ၊ တာပိန်၊ တဘတ်ချောင်းနှင့် နမ္မတီးတံတားတို့ကို တည်ဆောက်ပေးခဲ့ရာ ကူးသန်းဆက်သွယ်သွားလာရေး ကောင်းမွန်လာပြီး ဒေသဖွံ့ဖြိုးမှုကို အကျိုးပြုနေပြီဖြစ်သည်။

နိုင်ငံတော်က ပြည်သူများ အသက်ရှည်ကျန်းမာရေးအတွက် နိုင်ငံတစ်ဝန်းလုံး၌ ဆေးရုံ၊ ဆေးပေးခန်းများ အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက် ဖွင့်လှစ်ခြင်းတို့ အပါအဝင် ရောဂါကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနေသည်။

ပူတာအိုပြည်သူ့ဆေးရုံကို ၁၉၈၁ခုနှစ်တွင် (၂၅) ခုတင်အဆင့်မှ ခုတင် (၅၀)ဆံ့ဆေးရုံ၊ ၁၉၉၈ခုနှစ်၌ခရိုင်အဆင့် ခုတင်(၁၀၀)ဆံ့ ဆေးရုံကြီးအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးခဲ့သည့် အပြင် လူနာဆောင်သစ် အဆောက်အအုံတစ်ခုကိုလည်း အောက်တိုဘာလ ၁၆ရက်နေ့က ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

ထို့အပြင် နိုင်ငံတော်က ပူတာအိုခရိုင် ပြည်သူ့ဆေးရုံ၊ မူလာရှီးဒီ တိုက်နယ်ဆေးရုံ၊ မချမ်းဘောမြို့နယ် ပြည်သူ့ဆေးရုံ၊ ဆွမ်ပရာဘွမ်မြို့နယ် ပြည်သူ့ဆေးရုံ၊ နောင်မွန်မြို့နယ် ပြည်သူ့ဆေးရုံ၊ ခေါင်လန်ဖူးမြို့နယ် ပြည်သူ့ဆေးရုံ၊ ပန်နန်းဒင်မြို့ ပြည်သူ့ဆေးရုံ၊ မချမ်းဘောမြို့နယ် ထရန်ဒမ်းတိုက်နယ်ဆေးရုံတို့အတွက် ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ရာ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အဘက်ဘက်က ဖြည့်ဆည်းပေးလျက်ရှိရာ တိုင်းရင်းသား ပြည်သူများကလည်း မိမိတို့၏ လူနေမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာရေးအတွက် နိုင်ငံတော်နှင့်အတူ ပူးပေါင်းလက်တွဲကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂–၁၀–၂၀၀၆ (တနင်္ဂနွေနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ပေးဆပ်နိုင်စွမ်းသူတို့ရဲ့ ပီတိအလှူ
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	Sunday Talk [ဒေါက်တာဇော်သန်း၊ မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈:၂၅	တေးဂီတအစီအစဉ်
၈:၃၀	ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်
၈:၄၀	တေးဂီတအစီအစဉ်
၈:၄၅	နိုင်ငံတကာအနုပညာရေးရာ
၉:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	ထက်မြက်ထူးခြား Aikido အားကစား
၉:၅၀	တေးဂီတအစီအစဉ်
၉:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၀၀	ကျွန်းမျောပေါ်က ခရမ်းချဉ်သီး
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀	ကလေးတို့အတွက် လက်ဆောင် (ဓာတ်ပုံပေါင်း အကြီးအသေးခေါက်နည်း)
၁၀:၄၅	တေးဂီတအစီအစဉ်
၁၀:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀	မှတ်သားလေ့လာ ပြတိုက်ခင်းကျင်းမှုပညာ
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပေါင်းပင်"
၁၁:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅	ပေါ့ပေါ့ပါးပါး မြန်မြန်ဆန်ဆန်
၁၁:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅	ကွင်းမြေစမ်းသပ်ခြင်းနှင့် မြေနမူနာ ရယူခြင်းလုပ်ငန်း
၁၁:၅၅	ဆုရအက
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅:၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports
၆:၀၀	EPL ပွဲကြိုသုံးသပ်ချက်	5-Sports (Live)
၆:၂၅	Man:Utd-Liverpool	5-Sports (Live)
၉:၂၅	Reading-Arsenal	5-Sports (Live)

Series-A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇:၃၀	Roma-Chievo	5-Series (Live)

ကင်ဆာဝေဒနာရှင် မိန်းကလေးတစ်ဦး ဓာတ်ရောင်ခြည်လွန်ကဲမှုကြောင့် သေဆုံးခဲ့ရ

လန်ဒန် အောက်တိုဘာ ၂၀

စကော့တလန်နိုင်ငံ အာရှရီဒေသ၌ အသက် ၁၆ နှစ်ရှိ လီဆာနိရစ်ဟုခေါ်သော မိန်းကလေးတစ်ဦးအား ကင်ဆာရောဂါဖြစ်ပွားနေ၍ အောက်တိုဘာ ၁၈ ရက်က ယင်း၏ နေအိမ်၌ ဓာတ်ကင်ကုသရာမှ ဓာတ်ရောင်ခြည် လွန်ကဲမှုကြောင့် သေဆုံးသွားကြောင်း ရိုက်တာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဇန်နဝါရီလက သူမသည် ဦးနှောက်အကျိတ်ကို ယင်းကုထုံးဖြင့် ၁၇ ကြိမ် ကုသခဲ့ရာ လည်ပင်းနှင့်ခေါင်းနောက်ဘက်တွင် အရေပြားလောင်ကျွမ်းမှု ဖြစ်ခဲ့သည်။ သူမသည် ဦးနှောက်ကင်ဆာကြောင့်သေဆုံးခဲ့သည်။ သို့သော် လည်း ၎င်း၏ဖခင်ဖြစ်သူက ယင်းမှာ ကင်ဆာကြောင့် သေဆုံးခြင်း မဟုတ်နိုင်ကြောင်း ဆေးအလွန်အကျွံ သုံးစွဲခြင်းကြောင့် သေဆုံးခြင်းဖြစ်နိုင်ကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ထိုင်းတွင်အာဏာသိမ်းပြီးနောက် လုံခြုံရေးခြိမ်းခြောက်မှုများရှိနေ

ဂျကာတာ အောက်တိုဘာ ၂၁

ထိုင်းနိုင်ငံတွင် အာဏာသိမ်းပြီးတစ်လကြာသော်လည်း လုံခြုံရေး နှောင့်ယှက်ခြိမ်းခြောက်မှုများရှိနေဆဲဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် စူရာယုဒ်ချူလာနွန်က အင်ဒိုနီးရှားနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိစဉ် ပြောကြားလိုက်သည်။

အင်ဒိုနီးရှားသမ္မတ မစ္စတာဆူဆီလိုဘန်ဘန်း ယူဒိုယိုနိုက ထိုင်းနိုင်ငံ၌ မာရှယ်လောဥပဒေကို မြန်နိုင်သမျှမြန်အောင် ရုပ်သိမ်းရန် တိုက်တွန်းခဲ့မှုနှင့် ဆက်စပ်၍ ထိုင်းဝန်ကြီးချုပ်က အထက်ပါအတိုင်း တုံ့ပြန်ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဝန်ကြီးချုပ် ချူလာနွန်သည် အောက်တိုဘာ ၂၁ ရက်က အင်ဒိုနီးရှားနိုင်ငံသို့ တစ်ရက်ကြာခရီးအဖြစ် လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ ၎င်းသည် အောက်တိုဘာ ၁၄ ရက်မှစပြီး လာအို၊ ကမ္ဘောဒီးယားနှင့် မလေးရှားနိုင်ငံများသို့လည်း သွားရောက်လည်ပတ်ခဲ့သည်။ **(အင်တာနက်)**

တောင်ကိုရီးယားနှင့် ရုရှားနှစ်နိုင်ငံ သဘာဝဓာတ်ငွေ့လုပ်ငန်း ပူးပေါင်းဆောင်ရွက်မည်

ဆိုးလ် အောက်တိုဘာ ၂၁

တောင်ကိုရီးယားနှင့် ရုရှားနိုင်ငံတို့သည် သဘာဝဓာတ်ငွေ့အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးနှင့် သဘာဝဓာတ်ငွေ့များထောက်ပံ့ရေးတို့ကို အောက်တိုဘာ ၁၈ ရက်က နှစ်နိုင်ငံသဘောတူလက်မှတ်ရေးထိုးကြောင်း တောင်ကိုရီးယားနိုင်ငံ ကူးသန်းရောင်းဝယ်ရေးစက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ပြောကြားသည်။

ဆွေးနွေး

ယင်း သဘောတူညီချက်အရ တောင်ကိုရီးယားနိုင်ငံပိုင် သဘာဝဓာတ်ငွေ့လုပ်ငန်း ကော်ပိုရေးရှင်းနှင့် ရုရှားနိုင်ငံမှ သဘာဝဓာတ်ငွေ့ကုမ္ပဏီ ဂတ်စ်ပရွမ်တို့သည် သဘာဝဓာတ်ငွေ့ တင်ပို့ရေးနှင့်စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးကြောင်း သိရသည်။

ယင်းကုမ္ပဏီနှစ်ခုသည် ရုရှားမှ ဓာတ်ငွေ့များ တင်သွင်းရေးအား ၂၀၀၇ ခုနှစ်ထက်စော၍ တောင်ကိုရီးယားနှင့် ကာလရှည်စာချုပ် ချုပ်ရေးတို့ ဆွေးနွေးကြသည်။

တင်ပို့မည်

တောင်ကိုရီးယား နိုင်ငံသည် သဘာဝဓာတ်ငွေ့တန်ချိန် ခုနစ်သန်း ရုရှားမှ တင်သွင်းမည် ဖြစ်ကြောင်း၊ ယင်းမှာ တောင်ကိုရီးယားနိုင်ငံ၏ စုစုပေါင်းသဘာဝဓာတ်ငွေ့ရည် တင်သွင်းခြင်း၏ သုံးပုံတစ်ပုံရှိကြောင်း၊ ယင်း သဘာဝဓာတ်ငွေ့များကို ၂၀၁၂ ခုနှစ်က စပြီး ရုရှားမှတောင်ကိုရီးယားသို့ ပိုက်လိုင်းများအသုံးပြုတင်ပို့မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယခုနှစ်တွင် နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့် အချိန်ကာလဖြစ်ပေသည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးသည် မိမိတို့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များမပျောက်ပျက်စေရေးနှင့် နှောင်းလူတို့ခင်မင်မြတ်နိုးစွာ ဆက်လက်ထိန်းသိမ်းလိုက်နာ ဆောင်ရွက်နိုင်ရေးတို့အတွက် ရိုးရာယဉ် ကျေးမှုများကို နည်းမျိုးစုံဖြင့် ထိန်းသိမ်းကြသည့်အနက် ဂီတသုခုမအနုပညာဖြင့် ပြန့်ပွား ထိန်းသိမ်းခြင်းသည် အထိရောက်ဆုံးသော နည်းလမ်းတစ်ခုဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် စပ်လျဉ်း၍ ဤသို့ မိန့်ကြားခဲ့ပေသည်–

> **"အမျိုးဂုဏ်ဆိုသည်မှာ ကိုယ့်လူမျိုး၊ ကိုယ့်လူမျိုးဂုဏ် ထိန်းသိမ်းရန်နှင့် ကိုယ့်အမျိုးအနွယ် မပျောက်ပျက်ရအောင် စောင့်ရှောက် ထိန်းသိမ်းရမည်ဖြစ်ကြောင်း။ ဇာတိဂုဏ်ဆိုသည်မှာ ကိုယ့်ဇာတိ၊ ကိုယ့်နေရပ်၊ ကိုယ့်တိုင်းပြည်ကို ချစ်မြတ်နိုးတန်ဖိုးထားတတ်သည့်စိတ်၊ ဤမြေတွင်မွေး၊ ဤရေသောက်ပြီး ဤဒေသမှာ ရှိသူများနှင့် သေတူရှင်ဖက် မခွဲမခွာတစ်သက်လုံး ကောင်းတူဆိုးဖက် နေသွားလိုသည့် စိတ်ဓာတ်ဖြစ်ကြောင်း၊ ဤအရင်းခံစိတ်ဓာတ်မျိုးရှိရန် လွန်စွာ အရေးကြီးကြောင်း"**

မြန်မာတို့သည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို နှစ်ပေါင်းထောင်ချီထိန်းသိမ်းစောင့်ရှောက်ခဲ့ကြကာ ကမ္ဘာ့အလယ်တွင် ယနေ့အထိ ဝင့်ထည်စွာနေထိုင်လာကြသည့် လူမျိုးများဖြစ်ကြသည်။ ပုဂံခေတ်မှစ၍ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်အဆက်ဆက်ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သမိုင်းပေးတာဝန်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပေသည်။

အနုပညာယဉ်ကျေးမှုတွင် စာပေ၊ ဂီတ၊ သဘင်၊ ဗိသုကာအတတ်၊ ပန်းဆယ်မျိုး စသည်တို့ဖြစ်ကြသည်။

ရိုးရာဓလေ့ထုံးစံယဉ်ကျေးမှုဆိုသည်မှာ လူမျိုးတစ်မျိုး၏ ရေမြေသဘာဝ ပတ်ဝန်းကျင်ဆက်ဆံရသည့် အခြေအနေများပေါ်တွင် တည်မှီ၍ တွေးခေါ်ကြံဆ လက်ခံကျင့်သုံးလာသည့် အတွေးအခေါ်၊ ဝတ်စားဆင်ယင်မှု၊ နေထိုင်စားသောက်မှုများ ဖြစ်ပါသည်။ အနုပညာယဉ်ကျေးမှုသည် ရိုးရာယဉ်ကျေးမှုအပေါ်တွင် မူတည်၍ တည်ဆောက်ထားခြင်းဖြစ်ပေသည်။

အမျိုးသားယဉ်ကျေးမှုဟူသည်ကား အနုပညာယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံယဉ်ကျေးမှုတို့ကို ပေါင်းစပ်ကျင့်သုံးသည့် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသားယဉ်ကျေးမှုပင် ဖြစ်သည်။ သို့အတွက် အမျိုးသားယဉ်ကျေးမှုသည် မြန်မာတို့ မျိုးရိုးဂုဏ်သိက္ခာ မပျောက်ပျက်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရမည့် အခြေခံအုတ်မြစ်ပင်ဖြစ်ပေသည်။

သတင်းထောက်–အောင်ဝင်း (ဖျာပုံ)

ထို့ကြောင့် နိုင်ငံတော်က အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး အစီအမံများကို ချမှတ်ဆောင်ရွက်ရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများက ထိန်းသိမ်းပေးလျက်ရှိရာ ယခုအခါ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဦးတည်ချက်ခုနစ်ရပ်ဖြင့် ခံ့ညားထည်ဝါစွာ ကျင်းပပေးနေခြင်း ဖြစ်ပေသည်။

အခြေခံ (၁၀–၁၅) နှစ် အကပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ မောင်ပြည်သိမ်းကျော်၏ ပါဝင်ယှဉ်ပြိုင် ကပြဟန်။

ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ဆိုင်းတစ်ဦးချင်းပြိုင်

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (၅–၁၀) နှစ် အမျိုးသား ဆိုင်းတစ်ဦးချင်းပြိုင်ပွဲတွင် မကွေးတိုင်းမှ မောင်ရဲရင့်သူ (ခ) ဝေယံဦး ဤသို့ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။

ဓာတ်ပုံ–တင်စိုး
(မြန်မာ့အလင်း)

ယဉ်ကျေးမှုဟူသော ဝေါဟာရကို တစ်စုံတစ်ဦးကို မေးမြန်းကြည့်ပါက အနုပညာဟု ဖြေဆိုကြမည့်သူရှိသလို၊ ဓလေ့ထုံးစံဟု အနက်ဖော်ကြမည့် သူများလည်း ရှိမည်ဖြစ်ပေသည်။ ဤအဖြေများသည် မှားသည်ဟု မဆိုနိုင်သော်လည်း ပြည့်စုံမှုကားမရှိပေ။

ယဉ်ကျေးမှုဆိုသည်မှာ အနုပညာယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးစံယဉ်ကျေးမှုဟူ၍ နှစ်မျိုးလေ့လာသိရှိရပေသည်။

ယနေ့ကာလတွင် ကမ္ဘာ့နိုင်ငံများ ဆက်စပ်ယှက်နွယ် ပြောင်းလဲဖြစ်ထွန်းမှုနှင့်အတူ နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ခေတ်မီမီဒီယာမျိုးစုံအသုံးပြုပြီး ယဉ်ကျေးမှုအရ လွှမ်းမိုးထိုးဖောက် ဆောင်ရွက်လျက် ရှိနေပေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူငယ်များအပေါ် ယဉ်ကျေးမှုလွှမ်းမိုးသည့်နည်းဖြင့် ထိုးဖောက်လာပြီး ၎င်းတို့၏ ဓလေ့စရိုက် အမူအကျင့်များ၊ လူမှုရေးနှုန်းစံများ သွတ်သွင်းလျက်ရှိသည်ကို အမျိုးသားရေးသတိဖြင့် ကြိုတင်ကာကွယ်ကြရမည် ဖြစ်ပေသည်။

ယင်းသို့ ကာကွယ်တားဆီးမှုများ မပြုလုပ်နိုင်ခဲ့လျှင် မိမိတို့၏ ယဉ်ကျေးမှုများပျောက်ကာ လူမျိုးပါပျောက်ပြီး သူတစ်ပါး ဩဇာခံနိုင်ငံအဖြစ် ရွှေ့လျော လျှောကျမည့်အခြေအနေသို့ ရောက်ရှိနိုင် သည်ကို အမျိုးသားရေးအမြင်၊ အမျိုးသားရေးအသိတို့ ပေါင်းစပ်ပြီး ထာဝစဉ် သတိချပ်လျက် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ယနေ့ မျက်မှောက်ကာလအတွက်သာမက နောင်အနာဂတ်ကာလအတွက်ပါ အကျိုးဖြစ်ထွန်းစေရေးကို ဦးတည်လျက် စီမံဆောင်ရွက်ရာတွင် အလုပ်နှင့်သာမက စည်းရုံးရေး၊ စီမံရေးရာ နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပေသည်။

အနာဂတ်ကာလ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ရာတွင် ယနေ့လူငယ်များအကြား အမျိုးသားရိုးရာယဉ်ကျေးမှုကို မြတ်နိုးလေးစားလိုက်နာစောင့်ထိန်းလိုသည့် စိတ်ဓာတ်၊ မိမိနိုင်ငံ၊ မိမိလူမျိုးကိုလေးစားချစ်ခင်သည့်စိတ်ဓာတ် စသည့် စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ထွန်းလာစေရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများဖြင့် ထိန်းကျောင်းမြှင့်တင်ပေးနေခြင်းဖြစ်သည်။

ထို့ကြောင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားပြီး အမျိုးသားယဉ်ကျေးမှုဓလေ့ထုံးစံ စရိုက်လက္ခဏာများ ရှင်သန်ဖွံ့ဖြိုးရေးနှင့် မြန်မာပီပီ မြန်မာ့မူဟန်များကို ခုံမင်မြတ်နိုးစွာ လက်ဆင့်ကမ်း ထိန်းသိမ်းပြန့်ပွားရေးတို့ကို အမျိုးသားရေးအသိဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းနှိုးဆော်ရင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

အမျိုးသားယဉ်ကျေးမှုဟူသည်ကား အနုပညာယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ ထုံးစံ ယဉ်ကျေးမှုတို့ကို ပေါင်းစပ်ကျင့်သုံးသည့် မြန်မာတစ်မျိုးသားလုံး၏ အမျိုးသား ယဉ်ကျေးမှုပင်ဖြစ်သည်။

မြဝတီရုပ်မြင်သံကြား

၂၂–၁၀–၂၀၀၆ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၂၅ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **"အင်္ဂုဝိဇ္ဇသုတ်"**

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"သစ္စာရင်ခွင်"**
၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၄၀ ၆။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၈။ အမေးကမ္ဘာတွေးစရာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ မိုးလေဝသသတင်း
၆း၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၄၅ ၁၄။ အံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း–၆၉)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ English Premier League ဘောလုံးပွဲ Manchester United Vs Liverpool (Delay)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးသော ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

နှုတ်ဆက်အားပေး

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် စိုက်ပျိုးရေးသုတေသန (စုဝေးခန်းမ)၌ ဝါသနာရှင်အဆင့် တေးစာသားအား သံစဉ်ထည့်သွင်း၍ သီဆိုယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်(ဘွဲ့နှင်းသဘင်ခန်းမ)၌ ဝါသနာရှင်အဆင့် အမျိုးသမီးဆိုင်းတစ်ဦးချင်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ဂီတပညာရှင်ကြီးများနှင့် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသမီး စောင်းအတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကိုလည်းကောင်း၊ စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသမီး ပတ္တလား အတီးပြိုင်ပွဲကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သစ်တောသုတေသနဌာနသို့ ရောက်ရှိကြပြီး ဝါသနာရှင်အဆင့်(ဒုတိယတန်း) မယ်ဒလင်အတီးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ပြန်လည်ထွက်ခွာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ လာရောက်ကြည့်ရှုအားပေးကြသည့် ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ညနေ ၃ နာရီတွင် ရေဆင်းမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသူများအား စနစ်တကျ အမှတ်ပေးနေကြသော အကဲဖြတ် အနုပညာရှင်ကြီးများ၊ ပြိုင်ပွဲဝင်များနှင့် မြန်မာ့အလင်းသတင်းအဖွဲ့ ကွင်းဆင်းတွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။

စောင်းအတီးသင်ရိုးနည်းစနစ် မှန်ကန်စွာနဲ့ တီးခတ်နိုင်ရမယ်။
ဦးသိန်းဟန်ကြီး
စောင်းအကဲဖြတ်ဒိုင်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

စောင်းအတီးပြိုင်ပွဲ

စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ) တွင် ကျင်းပလျက်ရှိသော စောင်းအတီးပြိုင်ပွဲ၌ အကဲဖြတ် ဒိုင်တစ်ဦးဖြစ်သူ ဦးသိန်းဟန်ကြီးအား စောင်းအတီးပြိုင်ပွဲဝင်များအား အကဲဖြတ်အမှတ်ပေးမှုနှင့် ပတ်သက်၍ မေးမြန်းရာ "ပြိုင်ပွဲဝင်တွေဟာ စောင်းအတီးသင်ရိုးနည်းစနစ် မှန်ကန်စွာနဲ့ တီးခတ်နိုင်ရမယ်၊ စောင်းသန္ဓေဆိုတဲ့ တီးနည်းတီးကွက်တွေကို ကျေညက်နေရမယ်၊ တီးခတ်မှု အသံရောထွေးမှု မရှိစေရဘူး၊ သာယာ နာပျော်ဖွယ်ဖြစ်အောင် တီးခတ်နိုင်ရမယ့်အပြင် စောင်းကို လက်စွမ်းပြတီးခတ်နိုင်ရမယ်၊ ဒီလိုအခြေခံတွေပေါ်မှာ စဉ်းစားပြီး အမှတ်ပေးပါတယ်" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။ ဦးသိန်းဟန်ကြီးသည် စောင်းတီးခတ်မှု၌ နိုင်ငံကျော်အနုပညာရှင်တစ်ဦးဖြစ်သလို ပရိသတ် နှစ်ခြိုက်သဘောကျအောင်လည်း တီးခတ်နိုင်သူဖြစ်သည်။

စောင်းအတီးပြိုင်ပွဲ ကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ) အတွင်း အသက်(၁၀-၁၅)နှစ်တန်း (အမျိုးသား) စောင်းအတီးပြိုင်ပွဲဝင်နေသည့် ရန်ကုန်တိုင်း ကိုယ်စားပြု မောင်မိုးမြင့်ဆက်၏ လက်စွမ်းပြ တီးခတ်နေမှုကို နားထောင်မိသည်။ အခြေခံတီးနည်း၊ တီးကွက်များကို ကျေညက်နေသူတစ်ဦးဖြစ်ရုံမက သာယာ နာပျော်ဖွယ်ဖြစ်အောင်လည်း စောင်းတီးခတ်နိုင်စွမ်းရှိလေသည်။

ထို့နောက် ခန်းမအပြင်ဘက် သစ်ပင်ရိပ်အောက်၌ အသက်(၁၀-၁၅) နှစ်တန်း ပြိုင်ပွဲဝင်ရန် စောင်းတီးခတ်မှု လေ့ကျင့်နေသော ကရင်ပြည်နယ်မှ မသဲနုအေးကို မေးမြန်းဖြစ်သည်။ မသဲနုအေးက "ပထမဆုံးအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်တာပါ။ ပြိုင်ပွဲ မစခင်ကတည်းက နေ့တိုင်း လေ့ကျင့်ခဲ့ရတာ၊ တစ်နေ့ သီချင်းသုံးလေးပုဒ် လေ့ကျင့် တီးခတ်ခဲ့ရတယ်။ အလွန်ကြိုးစားခဲ့ရတော့ ပထမဆုပဲ လိုချင်တယ်" ဟု ကလေးပီပီ ပွင့်လင်းစွာ ပြောကြားသည်။ အသက်ငယ်ရွယ်သော်လည်း စောင်းတီးခတ်မှုအပေါ် ဝါသနာထုံလွန်းလှသည်ဖြစ်ရာ မေးခွန်းများကို ဖြေကြားရင်းနှင့်ပင် စောင်းတီးခတ်မှု မပျက် တီးခတ်နေသည်ကို တွေ့ရသည်။

အကပြိုင်ပွဲ

မြန်မာ့အလင်းသတင်းအဖွဲ့ အနေဖြင့် အကပြိုင်ပွဲကျင်းပရာ ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သို့ ရောက်ရှိခဲ့သည်။ အကပြိုင်ပွဲကျင်းပရာ ခန်းမအတွင်း ပြိုင်ပွဲဝင်များကို အကဲဖြတ် အမှတ်ပေးနေသော အကအကဲဖြတ် ဒိုင်ဥက္ကဋ္ဌဖြစ်သူ ဒေါ်နုနုခင် (ယဉ်ကျေးမှုတက္ကသိုလ် ပါမောက္ခဌာနမှူး) နှင့် တွေ့ဆုံကာ အကပြိုင်ပွဲဝင်များအပေါ်အမြင်ကို မေးမြန်းရာ "အကပြိုင်ပွဲဝင်လာကြတဲ့ မျိုးဆက်သစ်တွေဟာ တိုးတက်မှု အများကြီးရှိပါတယ်၊ အချို့ဆိုရင် အကအမွေကောင်းကို အတော်လေးရရှိကြတာ တွေ့ရတယ်။ အတီးနဲ့ အံဝင်ခွင်ကျပြီး သွက်သွက်လက်လက်လည်း ကနိုင်ကြပါတယ်။ ရိုးရာကို မပျက်စေဘဲ ဆန်းသစ်တီထွင်မှုတွေ ရှိလာတာကိုတော့ အထိုက်အလျောက် လက်ခံရမှာပါ" ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

အလွန် ကြိုးစားခဲ့ရတော့ ပထမဆုပဲ လိုချင်တယ်။
မသဲနုအေး(ကရင်ပြည်နယ်)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကြည့်ရှုအားပေး

အကပြိုင်ပွဲကျင်းပရာ ခန်းမကြီး တစ်ခုလုံး နေရာလွတ်မရှိအောင် အားပေးသူများနှင့် ပြည့်ကျပ်လျက်ရှိသည့်အပြင် ခန်းမအပြင်ဘက်၌ အဝေးမှ လှမ်းပြီး ငေးမျှော်ကြည့်ရှုအားပေးနေသူများကိုလည်း တွေ့ရသည်။ အကယှဉ်ပြိုင်နေသော အသက်(၁၅-၂၀) နှစ်တန်း အမျိုးသမီးအကပြိုင်ပွဲ ဆင်နွှဲပြီးနောက် စင်မြင့်ပေါ်မှ ဆင်းလာသော ပဲခူးတိုင်းကိုယ်စားပြု မဝင့်ရွှေရည်ဝင်းအား ပြိုင်ပွဲဝင်ရမှုအပေါ်နှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းရာ

ပြိုင်ပွဲဝင်ကဟန်

အခြေခံပညာအဆင့် အသက် (၁၅-၂၀) နှစ် အမျိုးသမီး အကပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မဝင့်ရွှေရည်ဝင်း ပြိုင်ပွဲဝင် ကဟန်။
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

"ပထမဆုံးအကြိမ် ယှဉ်ပြိုင်တာပါ၊ အခု ယှဉ်ပြိုင်ခဲ့တာ အရမ်း အားရတယ်၊ အရမ်းလေ့ကျင့်ခဲ့ရတော့ ရွှေတံဆိပ် ရချင် တယ်၊ အမှားအယွင်း၊ အတိမ်းအစောင်းမရှိတော့ အမြင့်ဆုံးဆု ရပါစေလို့ ဆုတောင်းနေရတော့မှာ ပါပဲ"ဟု ဖြေကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသန (စုဝေးခန်းမ)ရှိ အရေး(စာသားရေး) သံစဉ်ထည့်ပြိုင်ပွဲကျင်းပရာသို့ မြန်မာ့အလင်းအဖွဲ့ ရောက်ခဲ့ပြန်သည်။ အရေး (စာသားရေး) ပြိုင်ပွဲ အကဲဖြတ်ဒိုင်တစ်ဦးဖြစ်သူ ဂီတစာဆို သောင်းတင်ဌေးနှင့် တွေ့ဆုံမေးမြန်း ဖြစ်သည်။ "အရင်ကတော့ ပြိုင်ပွဲဝင်ပေါ့၊ ၁၉၉၅၊ ၁၉၉၆ နဲ့ ၁၉၉၈ ခုနှစ်တွေမှာ ရွှေတံဆိပ်ရခဲ့ပါတယ်။ အခု ပထမဆုံး အကြိမ် အကဲဖြတ်ဒိုင်အဖြစ် တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ပြိုင်ပွဲဝင်တွေဟာ စာများများဖတ်ရမယ်၊ ဗဟုသုတတွေရှိရမယ်၊ သီချင်းများစွာရဲ့ သံစဉ်တွေကို နားလည်ရမယ်၊ အရေးအသား ချောမွေ့ပြေပြစ်ရပြီး စာသားနဲ့ သံစဉ်ကိုက်ညီဖို့ လိုအပ်တယ်၊ ရေးသားထားတဲ့စာသားမှာ ရင်ထဲကလာတဲ့ သံစဉ်ထည့်မှုအပေါ်မှာလည်း အမှတ်ပေးပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ဂီတစာဆို သောင်းတင်ဌေးမှာ ကွယ်လွန်သွားခဲ့ပြီဖြစ်သော နိုင်ငံကျော် အဆိုတော် တွံတေးသိန်းတန်၏ သီချင်းများကို ပင်တိုင်ရေးသားခဲ့သူတစ်ဦးလည်းဖြစ်သည်။

ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား မယ်ဒလင်အတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ဦးသိန်းဝင်းဦး၏ ယှဉ်ပြိုင်တီးခတ်ဟန်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မယ်ဒလင်အတီးပြိုင်ပွဲ

မြန်မာ့အလင်း သတင်းအဖွဲ့သည် မယ်ဒလင်အတီးပြိုင်ပွဲ ကျင်းပရာ ရေဆင်းရှိ သစ်တောသုတေသနဌာနသို့ ရောက်ရှိခဲ့ပြန်သည်။ ခန်းမအတွင်း၌ ပရိသတ်အပြည့်ရှိနေသော်လည်း စင်မြင့်အထက်၌ မယ်ဒလင် လက်စွမ်းပြတီးခတ်ယှဉ်ပြိုင်နေသော ဧရာဝတီတိုင်းကိုယ်စားပြု ဦးသိန်းဝင်းဦး၏ လက်သံဝယ် နစ်မျောနေကြကာ ငြိမ်သက်လျက်ရှိနေသည်။ ပြိုင်ပွဲဝင် ဦးသိန်းဝင်းဦး၏ လက်သံကား ပြောင်မြောက်လှသည်။

အကပြိုင်ပွဲဝင်လာကြတဲ့ မျိုးဆက်သစ်တွေဟာ တိုးတက်မှု အများကြီး ရှိပါတယ်။
ဒေါ်နုနုခင်
အကအကဲဖြတ်ဒိုင်ဥက္ကဋ္ဌ
(ယဉ်ကျေးမှုတက္ကသိုလ်ပါမောက္ခဌာနမှူး)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တီးခတ်မှု ငြိမ့်ညောင်းကာ နားဆင်သူရင်ကို ထိခိုက်လာအောင် လက်စွမ်းပြနိုင်သူ ဖြစ်သည်။ တီးခတ်မှုအပြီးတွင် ပရိသတ်များက ဩဘာလက်ခုပ်သံများ မစဲအောင်ပေးကြလေသည်။ စင်ပေါ်မှ ဆင်းလာသော ဦးသိန်းဝင်းဦးအား ပြိုင်ပွဲဝင်ရမှုကို မေးမြန်းရာ "ပထမဆုံးအကြိမ် ယှဉ်ပြိုင်တာပါ၊ အဖေက တယော ဆရာချစ်ဖြစ်ပါတယ်။ ကျွန်တော့် ဆရာက ဦးဉာဏ်ဝင်းမောင် ဖြစ်ပြီး ဒီပြိုင်ပွဲမဝင်ခင်ကတည်းက နှစ်နဲ့ချီပြီး အချိန်ရသမျှ လေ့ကျင့်ခဲ့ရပါတယ်။ အခု ပြိုင်ရတာ အားရကျေနပ်ပါတယ်။ ပရိသတ်ကလည်း အားပေးတော့ ပြိုင်ရတာ အားရှိပါတယ်"ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

ရေးသားထားတဲ့ စာသားမှာ ရင်ထဲကလာတဲ့ သံစဉ်ထည့်မှု အပေါ်မှာလည်း အမှတ်ပေးပါတယ်။
ဂီတစာဆိုသောင်းတင်ဌေး
အရေး(စာသားရေး)အကဲဖြတ်ဒိုင်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

စိတ်ဝင်တစား

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး အောင်မြင်စွာ ဆက်လက်ကျင်းပလျက်ရှိရာ ပြည်နယ်နှင့် တိုင်းများက ပြိုင်ပွဲဝင်များကလည်း အမြင့်ဆုံးရွှေတံဆိပ်ရရှိအောင် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်နေကြသကဲ့သို့ အကဲဖြတ်ဒိုင်လူကြီးများကလည်း စနစ်တကျ အကဲဖြတ်အမှတ်ပေးလျက်ရှိပြီး ဒေသခံ ပြည်သူများကလည်း စိတ်ဝင်တစား လာရောက်ကြည့်ရှု အားပေးသံများဖြင့် စည်ကားလျက်ရှိပါကြောင်း သတင်းစကား ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ သတ္တမနေ့ပြိုင်ပွဲအစီအစဉ်များ နေပြည်တော်၌ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၁

မြန်မာနိုင်ငံသည် သမိုင်းစဉ်တစ်လျှောက်၌ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့ပြီး အိမ်နီးချင်းနိုင်ငံများအကြား ဇာတိသွေး၊ဇာတိမာန်ထက်သန်နိုးကြားစွာ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်ခဲ့ပြီး မိမိနိုင်ငံကို ကာကွယ်စောင့်ရှောက်နိုင်ခဲ့ရုံသာမက ပျူခေတ်မှစ၍ နှစ်ပရိစ္ဆေဒရှည်ကြာစွာ ထိန်းသိမ်းပျိုးထောင်လာခဲ့ကြသည့် ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာ၊ ကိုယ်ပိုင်ဓလေ့စရိုက် အစဉ်အလာကောင်းများကို မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့ကြသည့် မျိုးရိုးဂုဏ်ရည်ရှိကြသူများဖြစ်သည်နှင့်အညီ ရရှိပြီးသားယဉ်ကျေးမှုဂုဏ်ဒြပ်များ ပျောက်ပျက်သွားခြင်းမရှိစေရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးကို ကျင်းပလျက်ရှိရာ ယနေ့တွင် သတ္တမမြောက်နေ့အဖြစ် နေပြည်တော် ရေဆင်းတက္ကသိုလ်နှင့်သုတေသနနယ်မြေများရှိ သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပသည်။

ကြည့်ရှုအားပေး

ယနေ့ကျင်းပသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ္တမမြောက်နေ့ပြိုင်ပွဲများသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားယဉ်ကျေးမှုကိုယ်စားလှယ်များ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော်အနီးပတ်ဝန်းကျင်ရှိ ခရိုင်နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာကို ချစ်မြတ်နိုးကြသောပြည်သူများ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေး နားသောတ ဆင်ကြသည်။

အခြေခံပညာအဆင့်(၁၀-၁၅)နှစ် အမျိုးသားစောင်းအတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မောင်နိုင်လင်းသူ ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

အကပြိုင်ပွဲ

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ၏ အကပြိုင်ပွဲကို နံနက်၉နာရီတွင် ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ခန်းမဆောင်၌ ကျင်းပရာ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ယဉ်ကျေးမှု တက္ကသိုလ် (မန္တလေး) သဘင်ဌာနမှ ပါမောက္ခ ဒေါ်နုနုခင်နှင့် အကအကဲဖြတ်အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ယနေ့ကျင်းပသည့် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသမီးအကပြိုင်ပွဲတွင် ပဲခူးတိုင်းမှ မဝင့်ရွှေရည်ဝင်း၊ ဧရာဝတီတိုင်းမှ မမေသဥ္ဇာကျော်၊ ပဲခူးတိုင်းမှ မငယ်ချစ်ပို၊ ချင်းပြည်နယ်မှ မတီာလ်လေ့ဆွီး၊ ကရင်ပြည်နယ်မှ မြိုင်ကြီးငူ နန်းမိအေး၊ ရန်ကုန်တိုင်းမှ မအိန္ဒြေကျော်၊ ရန်ကုန်တိုင်းမှ မအေးစန္ဒာ(ခ)မနီလာ၊ ချင်းပြည်နယ်မှ မဆိုင်ဒေါ်သ်နှံမီး၊ စစ်ကိုင်းတိုင်းမှ မဝါဝါဝင်းမြင့်၊ ကချင်ပြည်နယ်မှ မဝင်းပပလှိုင်၊ စစ်ကိုင်းတိုင်းမှ မသန္တာထူး၊ ရန်ကုန်တိုင်းမှ မကြည်နူးပွင့်နှင့် ရှမ်းပြည်နယ်မှ မဝတ်ရည်ထွန်းတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ အရေးပြိုင်ပွဲကို နံနက်၉နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ အရေးပြိုင်ပွဲအကဲဖြတ်အမှတ်ပေးအဖွဲ့ခေါင်းဆောင် ဦးလေးညွန့်၊ အနုပညာဦးစီးဌာနမှ ဒေါ်ကြည်ကြည်ဝင်းနှင့် ဒေါ်နွယ်နွယ်စိုးတို့က အကဲဖြတ်အဖွဲ့ဝင်များနှင့်အတူ ကြီးကြပ်ဆောင်ရွက်ပေးသည်။

အရေးပြိုင်ပွဲတွင် အောက်တိုဘာ ၁၅ရက်က ‘အမှောင်နှင့်အလင်း’ ခေါင်းစဉ်ဖြင့် တေးစာသားရေးသားပြိုင်ပွဲဝင်ခဲ့ပြီး အောက်တိုဘာ၁၆ရက်တွင် သံစဉ်ထည့်သွင်းလေ့ကျင့်ခဲ့သော ဝါသနာရှင်အဆင့် (ဒုတိယတန်း)မှ ပြိုင်ပွဲဝင်များသည် တေးစာသားအား သံစဉ်များထည့်သွင်း၍ သီဆိုပြိုင်ပွဲဝင်ကြရာ ဧရာဝတီတိုင်းမှ ဦးဇော်ဝင်းမြင့်၊ ကချင်ပြည်နယ်မှ ဒေါ်မြဝင်းကြည်၊ ရန်ကုန်တိုင်းမှ ဒေါ်ပွင့်စံပါယ်၊ မန္တလေးတိုင်းမှ ဦးကောင်းထက်ကျော်၊ ရန်ကုန်တိုင်းမှ ဒေါ်ဥမ္မာမြတ်၊ ရှမ်းပြည်နယ်မှ ဦးလှကြိုင်၊ မကွေးတိုင်းမှ ဦးသိုက်ထွန်း၊ မန္တလေးတိုင်းမှ ဒေါ်ထက်ထက်စံ၊ မွန်ပြည်နယ်မှ မင်းအောင်ထူး၊ စစ်ကိုင်းတိုင်းမှ တက်ခေတ်လင်းဇော်(ခ)ဦးလင်းဇော်၊ ကယားပြည်နယ်မှ ဦးကြည်စိုး၊ ကရင်ပြည်နယ်မှ ဦးဗေဒါနှင့် ပဲခူးတိုင်းမှ ဦးဝင်းလွင်တို့ ပြိုင်ပွဲဝင်ကြသည်။

အမျိုးသမီးဆိုင်းတစ်ဦးချင်းပြိုင်ပွဲ

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ဆိုင်းအတီးပြိုင်ပွဲကို နံနက်၉နာရီတွင် စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ အတီးအဖွဲ့ခေါင်းဆောင်မလှိုင် ဦးသန်းထွန်းနှင့်အဖွဲ့က အကဲဖြတ် အမှတ်ပေးကြသည်။

အခြေခံပညာအဆင့်(၁၅-၂၀)နှစ် အမျိုးသမီးအကပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မြိုင်ကြီးငူ နန်းမိအေး ပါဝင်ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

ထိုသို့ကျင်းပရာတွင် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် တောင်ဇမ္ဗူပိုင်(ယိုးဒယား)သီချင်းဖြင့် ရန်ကုန်တိုင်းမှ ဒေါ်ခိုင်ဇာဝင်း၊ မွန် ပြည်နယ်မှ မဘိုမ၊ ဧရာဝတီတိုင်းမှ ဒေါ်ယဉ်ယဉ်နု၊ ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်နှင့် မန္တလေးတိုင်းမှ ဒို့ဗိုမ(ခ)မိုးသူဇာအေးတို့ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် အမျိုးသမီး ဆိုင်းတစ်ဦးချင်းအတီးပြိုင်ပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ နန်းဘုံသီဟာဖွေ့(ယိုးဒယား) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မကေဇင်ချစ်စု၊ မန္တလေးတိုင်းမှ မရွှေခင်ကလျာထက်ထက်ကျော်၊ ကချင်ပြည်နယ်မှ မဝင်းမြတ်ကြည်နှင့် ရန်ကုန်တိုင်းမှ မဝင့်သဉ္ဇာစတင်း တို့ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြပြီး အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် အမျိုးသမီး ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲတွင် ဇေယျာမြို့(ကြိုး) သီချင်းဖြင့် မန္တလေးတိုင်းမှ မဖြူဖွေးသန့်၊ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်၊ ရန်ကုန်တိုင်းမှ မဝင့်နန္ဒာလွင်၊ မကွေးတိုင်းမှ မနှင်းအိလှိုင်၊ စစ်ကိုင်းတိုင်းမှ မဖြူနှင်းခိုင်နှင့် မန္တလေးတိုင်းမှ မအိသဉ္ဇာအောင်တို့ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြသည်။

မယ်ဒလင်အတီးပြိုင်ပွဲ

အလားတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ၏ မယ်ဒလင်အတီး ပြိုင်ပွဲကိုနံနက် ၉နာရီတွင် နေပြည်တော်ရှိ ရေဆင်းသစ်တော သုတေသနဌာန စုဝေးခန်းမ၌ဆက်လက်ကျင်းပရာ အတီးအကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဦးရည်နွယ်က ကြီးကြပ်၍ မယ်ဒလင်အတီး အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးမောင်မို နှင့်အဖွဲ့က အကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲကို ကျင်းပရာ ဝါသနာရှင် အဆင့်(ဒုတိယတန်း) (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲတွင် မင်းကုသ (ကာလပေါ်)သီချင်းဖြင့် မကွေးတိုင်းမှ ဦးကျော်မြင့်၊ ကယားပြည်နယ်မှ ဦးထွန်းနိုင်ဦး(ခ)ကိုဖောင်း၊ ရန်ကုန်တိုင်းမှ ပေါက်ခေါင်းမောင်မောင်လေး(ခ)ဦးမောင်မောင်လွင်၊ မွန်ပြည်နယ်မှ မောင်စန်းထွေး၊ မန္တလေးတိုင်းမှ ဦးပြေငွေး၊ ရှမ်းပြည်နယ်မှ ဦးဝင်းလှိုင်၊ ရခိုင်ပြည်နယ်မှ ဦးချိုအေး(ခ)ချိုကြီး၊ ဧရာဝတီတိုင်းမှ ဦးသိန်းဝင်းဦး၊ ရန်ကုန်တိုင်းမှ ဦးငွေးဝင်း၊ မန္တလေးတိုင်းမှ ဦးလေးနိုင်ထွန်း၊ ကရင်ပြည်နယ်မှ ဦးစောမောင်မောင်သိုက်နှင့် ပဲခူးတိုင်းမှ ဦးသန်းရှိန်တို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ ဝါသနာရှင်အဆင့် (ဒုတိယတန်း)(အမျိုးသမီး) မယ်ဒလင် အတီးပြိုင်ပွဲတွင် ‘ဟေမဝန်ချာ’(ဘွဲ့) သီချင်းဖြင့် ပဲခူးတိုင်းမှ ဒေါ်ညွန့်ညွန့်ဆွေ၊မန္တလေးတိုင်းမှ ဒေါ်ဥမ္မာကျော်နှင့် မကွေးတိုင်းမှ မနီလာတို့ ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသား) မယ်ဒလင်အတီးပြိုင်ပွဲကို မွန်းလွဲ၁နာရီတွင်ဆက်လက်ကျင်းပရာ ပျို့မောင်ဖုန်း (ကာလပေါ်) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်ဖိုးသကြိန်၊ စစ်ကိုင်းတိုင်းမှ မောင်ကျော်မျိုးနိုင်နှင့် ရန်ကုန်တိုင်းမှ မောင်စည်သူထွန်းတို့ ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက်(၅-၁၀)နှစ် (အမျိုးသမီး) မယ်ဒလင်အတီးပြိုင်ပွဲတွင် ‘ဇေယျာမြို့’(ကြိုး) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မဒေလီယာထွန်း၊ ရှမ်းပြည်နယ်မှ မနန်းခင်မေဖူးဟန်၊ ရန်ကုန်တိုင်းမှ မသက်ထားဝေနှင့် ရန်ကုန်တိုင်းမှ မခင်ပြည့်စုံအောင်တို့ ပြိုင်ပွဲဝင်ကြသည်။

ပတ္တလားအတီးပြိုင်ပွဲ

ထို့အတူ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ စတင်ကျင်းပရာ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စန္ဒရား ဦးရည်နွယ်နှင့် အတီး အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်ပြီး ပတ္တလားအတီးအကဲဖြတ်အဖွဲ့ ခေါင်းဆောင် စန္ဒရားဦးခင်လှနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင် အဆင့်(ပထမတန်း)ပတ္တလားအတီးပြိုင်ပွဲကို ကျင်းပရာ ‘ထောင်ယောင်နေကသာ’ သီချင်းခံ့ဖြင့် ပဲခူးတိုင်းမှ ဦးစိန်အေးခိုင်(ခ)ဦးအေးလွင်၊ ရန်ကုန်တိုင်းမှ ဦးကောင်းဆက်၊ မန္တလေးတိုင်းမှ ဦးရှိုင်းဗိုလ်နှင့် ဦးကောင်းသန့်၊ မကွေးတိုင်းမှ ဦးမြမင်းဗိုလ်၊ ရန်ကုန်တိုင်းမှ မြို့တော်အေးမင်းအောင်နှင့် ဧရာဝတီတိုင်းမှ ဦးမြင့်အောင်တို့ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး)ပတ္တလားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ကယားပြည်နယ်မှ မအိမွန်အောင်၊ မန္တလေးတိုင်းမှ မလှမြတ်ကြွယ်နှင့် မရတနာဥ၊ ရန်ကုန်တိုင်းမှ မမေသူဝင်း၊ ပဲခူးတိုင်းမှ မဇင်မာဖြိုး၊ ကချင်ပြည်နယ်မှ မသန်းသန်းနွယ်၊ ဧရာဝတီတိုင်းမှ မကြည်ဆွေမြင့်၊ ရန်ကုန်တိုင်းမှ မဝင်းထက်ထက်ဖြိုး၊ စစ်ကိုင်းတိုင်းမှ မအေးချမ်းမိုးတို့က ‘ရွှန်းရွှန်းမြ’ သီချင်းခံ့ဖြင့် ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့် (အမျိုးသား)ပတ္တလားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ‘မြခန်းကျွန်းတွင်’ (ကြိုး)သီချင်းဖြင့် ရန်ကုန်တိုင်းမှ မောင်မျိုးဇော်ဟိန်း(ခ)မျိုးဇော်အောင်၊ ရခိုင်ပြည်နယ်မှ မောင်စိုးသိန်း၊ ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်၊ မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်နှင့် မောင်မျိုးသူ၊ ဧရာဝတီတိုင်းမှ မောင်လွင်ကိုကိုဦးတို့ ပြိုင်ပွဲဝင်ကြသည်။

စောင်းအတီးပြိုင်ပွဲ

အလားတူ (၁၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ စောင်းအတီး ပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမ၌စတင်ကျင်းပရာ အတီး အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စန္ဒရား ဦးရည်နွယ်နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်ပြီး စောင်းအတီး အကဲဖြတ်အဖွဲ့ ခေါင်းဆောင် ဦးအောင်ကိန်းနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ်(အမျိုးသား) စောင်းအတီးပြိုင်ပွဲတွင် ‘သီလာမြေယံ’ (ကြိုး)သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်သိုင်းထက်နှင့် မောင်သိပ်ချစ်အောင်၊ ရှမ်းပြည်နယ်မှ မောင်ရဲဝင်းကျော်၊ ဧရာဝတီတိုင်းမှ မောင်ကောင်းထက်အောင်၊ ရခိုင်ပြည်နယ်မှ မောင်နိုင်လင်းသူ၊ မွန်ပြည်နယ်မှ မောင်ကုဋေကျော်၊ ရန်ကုန်တိုင်းမှ မောင်မိုးမြင့်ဆက်တို့ ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် (အမျိုးသမီး) စောင်းအတီးပြိုင်ပွဲကိုဆက်လက်ကျင်းပရာ ‘နန်းဘုန်သီဟာဖွေ့’(ယိုးဒယား) သီချင်းဖြင့် ကရင်ပြည်နယ်မှ မသဲနအေး၊ မန္တလေးတိုင်းမှ မအေးစုကျော်၊ ဧရာဝတီတိုင်းမှ မခိုင်ဇာမွန်နှင့် မကွေးတိုင်းမှ မနန်းသီရိခင်ခင်တို့ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅-၂၀)နှစ် (အမျိုးသမီး)စောင်းအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ‘မြနန္ဒာ’(ဘွဲ့) သီချင်းဖြင့် ရန်ကုန်တိုင်းမှ မဆုရည်ကိုကို၊ ကရင်ပြည်နယ်မှ မခင်မိုးဟိန်းနှင့် ဧရာဝတီတိုင်းမှ မသီရိမြတ်ဆုတို့က ပြိုင်ပွဲဝင်ကြသည်။

ဆက်လက်ကျင်းပမည်

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲများကို အောက်တိုဘာ၂၂ရက် (**ယနေ့**)နံနက် ၉ နာရီတွင် သတ်မှတ်နေရာအသီးသီး၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဇာတိမာန်ပွဲခင်းသာ

- ကိုယ့်ယဉ်ကျေးမှု
ကိုယ့်အနုပညာ
ကိုယ့်ဘာသာ ဓလေ့
သိမ်မွေ့ရိုးရာ စဉ်အလာရှိသား။
- မာန် ဌာန် သဏ္ဍာန်နဲ့
မြန်မာ့စံ ဟန်ဓလေ့ကို
ပိုက်သိမ်းပွေ့ ထိန်းစောင့်ရှောက်မယ်
မျိုးစောင့်တရား။
- ဘယ် တိုင်းခြားကိုမှ
အားမကိုး မတုပ
နှိုင်းဆလေ့လာ သိ၍မြင်
ဘယ်မူထွင်ထွင်
ဘယ်သူယှဉ်၍ လှသလဲ
တလွဲအမြင် အထင်မကြီးပါနဲ့
မလွန်ကဲကြရန် ဇာတိမာန် ဆင့်။
- အမျိုးကိုချစ်ပါ
တိုင်းပြည်ကိုချစ်ပါ
ယဉ်ကျေးမှု“ရတနာ”သာ ထွန်းကားဖို့
နိုးကြားစွာ မြန်မာ့ဆန္ဒ
မဟာဂီတ အလှမပျက်စေဖို့
အရိုးက အရွက် မဖုံးရအောင်
စွမ်းဆောင်လို့မြှင့်။ ။

ခြိမ့်နိုင်

မြန်မာ့ပရိဘောဂပစ္စည်းများအဆင့်မြင့်မား အနုပညာလက်ရာမြောက်လှ၍ ဝယ်သူအကြိုက်တွေ့

သတင်းမြင်ကွင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ - အောင်သန်း (မင်္ဂလာတောင်ညွန့်)

ရန်ကုန် အောက်တိုဘာ ၂၁

မြန်မာနိုင်ငံသည် ကျွန်း၊ သစ်မာနှင့် အခြားသစ်တောထွက်ပစ္စည်းများ ပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စေရန်သော်လည်းကောင်း၊ သစ်အခြေခံ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ဈေးကွက် ပိုမိုချဲ့ထွင်နိုင်ခြင်းဖြင့် ပြည်ပဝင်ငွေတိုးလာစေရန်သော်လည်းကောင်း၊ ပြည်တွင်းပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်စေရန်လည်းကောင်း စသောရည်ရွယ်ချက်များဖြင့် ဒုတိယအကြိမ်မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ကို ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ အောက်တိုဘာ၂၁ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်ပြသလျက်ရှိသည်။

တစ်ပေါင်းတည်းဆောင်ရွက်

နိုင်ငံတကာအဆင့်ပြပွဲဖြစ်သည်နှင့်အညီ ပရိဘောဂအပါအဝင် သစ်အခြေခံအချောထည်ပစ္စည်းအမျိုးမျိုး၊ ကြိမ်နှင့် ဝါးထည်ပစ္စည်းအမျိုးမျိုး၊ သစ်အခြေခံစက်မှုလုပ်ငန်းသုံးစက်နှင့် စက်ကိရိယာအမျိုးမျိုးတို့ကိုပြသခြင်း၊ ရောင်းသူဝယ်သူတွေ့ဆုံညှိနှိုင်းခြင်း၊ စာချုပ်ချုပ်ဆိုခြင်းစသည့် လုပ်ငန်းများ တစ်ပေါင်းတည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အောက်တိုဘာ၂၁ရက် မှ ၂၃ရက် အထိကာလကို လုပ်ငန်းရှင်များအတွက် သီးသန့် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ကျန်နှစ်ရက်ဖြစ်သော ၂၄ ရက်နှင့် ၂၅ ရက်တွင် အများပြည်သူများအား ကြည့်ရှုလေ့လာခွင့် ပြုမည်ဖြစ်သည်။

မြန်မာ့ ပရိဘောဂပြပွဲ–၂၀၀၆ တွင်ထူးသစ်အခြေခံ စက် မှု လုပ် ငန်း မှ ထုတ်လုပ်ထားသော အ ရည် အ သွေး ကောင်းပြီး လူကြိုက် များသည့် သစ် အချောထည် ပရိ ဘောဂများကို ခင်း ကျင်းပြသထားသည် မှာ...။

ဓာတ်ပုံ– အောင်သန်း (မင်္ဂလာတောင်ညွန့်)

၁၆၅ခန်း

အဆိုပါ မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆တွင် မြန်မာ့သစ်လုပ်ငန်းအပါအဝင် ပုဂ္ဂလိကကုမ္ပဏီပေါင်း၄၁ခုက ပြခန်းပေါင်း၁၆၅ခန်းဖွင့်လှစ်ပြသထားသည်။

ပြပွဲတွင် ပါဝင်ပြသသည့် ကုမ္ပဏီများအားမြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်၍ ထုတ်လုပ်မှု၊ တင်ပို့မှု၊ ဖြန့်ဖြူးရောင်းချမှု အပိုင်းများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

လူကြိုက်များ

ရှေးဦးစွာ ဝါးတစ်ရာရှိ ထူးသစ်အခြေခံလုပ်ငန်းမှ ပြခန်းအရောင်းတာဝန်ခံ ဒေါ်သန္တာထွန်းအားမေးမြန်းရာ"ကျွန်မတို့ကုမ္ပဏီမှထုတ်လုပ်သော ပရိဘောဂပစ္စည်းအမျိုးမျိုးကို ဂျာမနီ ကျွမ်းကျင်ပညာရှင် မစ္စတာမာဆီလိုမိုင်ယာ၏နည်းပညာဖြင့်ထုတ်လုပ်ထားတာကြောင့် ယခုဆိုရင် ကမ္ဘာ့ဈေးကွက်မှာ လူကြိုက်များတဲ့ ပရိဘောဂပစ္စည်းများဖြစ်နေပါပြီ။ အထူးသဖြင့် ဂျာမနီ၊ အီတလီ၊ ပြင်သစ်နှင့် ရုရှားနိုင်ငံတွေကို တင်ပို့ပါတယ်။ ယခုသစ်အခြေခံစက်မှုလုပ်ငန်းကို တည်ထောင်တာ ကာလအားဖြင့်မကြာသေးသော်လည်း ဆန်းပြားသောလက်ရာများ၊ သေသပ်မှု၊ ခိုင်ခံ့မှုတို့ကြောင့် ပြည်ပဝယ်လိုအားကောင်းပြီးအောင်မြင်မှုရရှိနေပါတယ်။ ကုမ္ပဏီမှထုတ်တဲ့ ပရိဘောဂပစ္စည်းတွေကတော့ စားပွဲအမျိုးမျိုး၊ ကုလားထိုင်အမျိုးမျိုး၊ ဆက်တီအမျိုးမျိုးနှင့် ကြမ်းခင်းများ စုစုပေါင်းအမျိုးပေါင်း၈၀လောက် ထုတ်လုပ်နေပါတယ်။ ဒါ့အပြင် ခုတင်နှင့် ဗီရိုတို့လည်း ထုတ်လုပ်ပါတယ်"ဟု မြန်မာ့အလင်းသို့ပြောကြားသည်။

ယင်းနောက် စမ်းချောင်းမြို့နယ် ရှင်စောပုဘုရားလမ်းမှ လာရောက်ဖွင့်လှစ်ပြသသည့် ကျူးပစ်ပရိဘောဂကုမ္ပဏီမှ အရောင်းတာဝန်ခံ ဒေါ်ဆွေဆွေအုန်းအား မေးမြန်းကြည့်ရာ "ကျွန်မတို့ကုမ္ပဏီမှ အိမ်တွင်းသုံးပရိဘောဂနှင့် အိမ်ပြင်အလှဆင်ပရိဘောဂနှစ်မျိုးစလုံး ထုတ်ပါတယ်။ စားပွဲအမျိုးမျိုး၊ ကုလားထိုင်အမျိုးမျိုး၊ ဆက်တီအမျိုးမျိုး၊ ခုတင်အမျိုးမျိုးနှင့်ဗီရိုအမျိုးမျိုး ထုတ်လုပ်ပါတယ်။ ထုတ်လုပ်တဲ့ ပရိဘောဂပစ္စည်းတွေဟာ လက်ရာကောင်းမွန်မှု၊ သေသပ်မှုတို့ကြောင့် ဝယ်သူအကြိုက်တွေ့စေပါတယ်။ ပြည်ပတင်ပို့တဲ့ နိုင်ငံတွေကတော့ ပြင်သစ်၊ အီတလီ၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့ကို အဓိကတင်ပို့ရောင်းချပါတယ်။ စုစုပေါင်း ပရိဘောဂ အမျိုးပေါင်း ၅၀လောက် ထုတ်လုပ်နေပါတယ်" ဟုပြောကြားသည်။

အလုံးအလောက်ထုတ်လုပ်

တစ်ဖန် Jewellery Luck Co.,Ltd. မှ ဦးတင်ညွန့်အား သစ်အချောထည်များထုတ်လုပ်မှုနှင့် ပတ်သက်၍မေးမြန်းရာ "ကျွန်တော်တို့ကုမ္ပဏီက သစ်ပါးလွှာ၊ အထပ်သားနှင့် ဖော်မီကာပြားများ ထုတ်လုပ်ပေးနေပါတယ်။ တစ်ချိန်က ပြည်ပမှ တင်သွင်းရတဲ့ ဖော်မီကာပြားများကို ယခုဆိုလျှင် ပြည်တွင်းမှာ အလုံးအလောက် ထုတ်လုပ်ပေးနိုင်သည့်အပြင် ပြည်ပကိုပါ တင်ပို့နေပါပြီ။ တင်ပို့တဲ့နိုင်ငံတွေကတော့ စင်ကာပူ၊ တရုတ်၊ တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့ကို အများဆုံးတင်ပို့ပါတယ်။ ရောင်းအားအနေနဲ့ကတော့ တစ်လကို ကွန်တိန်နာအလုံး ၅၀တင်ပို့ပါတယ်။ ပြည်တွင်းမှာလည်း တစ်လကို အထပ်သားအချပ် လေးသောင်းခန့် ရောင်းချပေးပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင် ဘုရားလမ်းမှ လာရောက်ပြသသည့် ပုလဲ မြန်မာ့လက်မှုအနုပညာကုမ္ပဏီမှ ဒေါ်သီသီလွင်အား မေးမြန်းကြည့်ရာ "ကျွန်မတို့ကုမ္ပဏီမှ နံရံ၊ မျက်နှာကြက်၊ အလှဆင် ပန်းပုလက်ရာပစ္စည်းများ၊ အနုပညာလက်ရာပစ္စည်းများဖြင့် ထွင်းထုပြုလုပ်ထားသော ပရိဘောဂပစ္စည်းများ အမျိုးပေါင်း ၁၀၀၀ ခန့် ထုတ်လုပ်လျက်ရှိပါတယ်။ ပန်းပုပညာနဲ့ ပရိဘောဂ ပေါင်းစပ်ထားတာကြောင့် အထူးသဖြင့် ပြည်ပခရီးသွားများ နှစ်ခြိုက် အားပေးကြပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

အမြဲတောက်ပြောင်

ယင်းနောက် ကမာရွတ်မြို့နယ် မာလာလမ်းသွယ်မှ လာရောက်ပြသသည့် GSI Service Co. မှ ပြခန်းတာဝန်ခံ ဒေါ်နီနီမြင့်အား မေးမြန်းရာ"ကျွန်မတို့ ကုမ္ပဏီမှ သစ်နှင့်ဖိုင်ဘာ ပေါင်းစပ်ထားသည့် အဆင့်မြင့်မားသည့် ကြမ်းခင်းများကို ခင်းပေးသည့် လုပ်ငန်းကို ဆောင်ရွက်နေပါတယ်။ ကြမ်းခင်းများမှာ သိပ်သည်းဆ အလွန်မြင့်မားသည့်အတွက် ခိုင်ခံ့မှုရှိသည့်အပြင် ခြစ်ရာ၊ စင်းရာများ မရှိခြင်း၊ ကော်ပတ်စားရန်မလိုဘဲ အမြဲတမ်းတောက်ပြောင်နေစေပါတယ်"ဟု ပြောကြားသည်။

မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆သည် မြန်မာ့ သစ်လုပ်ငန်းရှင်များအနေဖြင့် သစ်ကုန်ကြမ်းမှ အဆင့်မြင့်မားသည့် နိုင်ငံတကာ အရည်အသွေးမီ ပရိဘောဂပစ္စည်းများအောင်မြင်စွာ ထုတ်လုပ်လာနိုင်ပြီဖြစ်ကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်။

ပြည်ပတင်ပို့ရောင်းချနိုင်

တစ်နည်းဆိုရသော် ပြည်တွင်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်သည့်အပြင် ပြည်ပကိုပါ တင်ပို့ရောင်းချနိုင်မှုများ ရှိလာပြီဖြစ်၍ မြန်မာ့ပရိဘောဂပစ္စည်းများ ကမ္ဘာ့အလယ်တွင် ဝင့်ထည်လာနိုင်တော့မည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

ပုလဲမြန်မာ့လက်မှု အနုပညာကုမ္ပဏီမှထုတ်လုပ်သည့် အနုပညာလက်ရာမြောက် ပရိဘောဂပစ္စည်းများကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံ– အောင်သန်း (မင်္ဂလာတောင်ညွန့်)

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဝန်ထမ်းမိသားစု ကထိန်သင်္ကန်းကပ်လှူ

နေပြည်တော် အောက်တိုဘာ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အားအမှူးထား၍ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့်ဇနီး ဒေါ်စမ်းစမ်းလွင်တို့ကကြီးမှူး၍ ဝန်ထမ်းမိသားစု၏ ကထိန်သင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယနေ့နံနက်ဇနာရီခွဲက ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်ရှိ ဂိုဏ်းထောက်ကျောင်းတိုက်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

ကထိန်သင်္ကန်း ကပ်လှူပွဲ အခမ်းအနားသို့ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆဋ္ဌသံဂါယနာ ဘာဏက ဆုတောင်းပြည့်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယ အမှူးပြုတော်မူသော ပင့်သံဃာတော်များနှင့် ဂိုဏ်းထောက်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဥတ္တမတို့ ကြွရောက်တော်မူကြပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး ဇော်မင်းဦး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယအထွေထွေ မန်နေဂျာများနှင့် တာဝန်ရှိသူများ၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ ဝန်ထမ်းမိသားစုများ၊ နေပြည်တော်ပုံနှိပ်စက်ရုံမှဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

သီလဆောက်တည်

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပါဠိဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ချီးမြှင့်

ထို့နောက်ဆရာတော်၊သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တော်တို့ကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း တို့ကိုယ်စား ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ပါဠိဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ထံ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး ဇော်မင်းဦး၊ ဒုတိယအထွေထွေမန်နေဂျာ (စာရင်း)ဦးမြမောင်၊ ဒုတိယ အထွေထွေ မန်နေဂျာ(ထုတ်လုပ်) ဦးမောင်ဝင်းနှင့် ဧည့်သည်တော်တို့က ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပါဠိဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိက အနုမောဒနာတရားနှင့် ရေစက်ချတရားတို့ကိုဟောကြားချီးမြှင့်တော်မူပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(အပေါ်ပုံ)**

နေ့ဆွမ်းဆက်ကပ်

အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် ၁၄x၁၅ ၊ ၈၀x ၈၁လမ်းကြား မန္တလေးမြို့နေ ဦးသောင်းညွှန့်–ဒေါ်သိုက်အား ရည်စူး၍ ဦးခင်မောင်သန်း–ဒေါ်ခင်ခင်ကြီး မိသားစုက အလှူငွေကျပ် ၁၀၅၀၀၀ ကို ကျောင်းဖြစ်မြောက်ရေး ကော်မတီအတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ယောဇနာရာမ ပရိယတ္တိစာသင်တိုက် ဘုံကထိန်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံတောင်(စံပြ)ရပ်ကွက် မင်းလမ်း ယောဇနာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဦးဩဘာသ (ဓမ္မာစရိယ)အမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား တန်ဆောင်မုန်းလဆန်း၉ရက်(တနင်္ဂနွေနေ့) (အောက်တိုဘာ ၂၉ ရက်)၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော စုပေါင်းမဟာဘုံကထိန်နှင့် စာအောင်သံဃာတော်များ ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ဒါယကာ ဒါယိကာမများ တက်ရောက်ကြရန် ဖိတ်ကြား နိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ ဖွင့်ပွဲအခမ်းအနားတက်ရောက် ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေး

ရန်ကုန် အောက်တိုဘာ ၂၁

သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်သည့် "သစ်တောရတနာ၊ ပြည့်ဘဏ္ဍာ၊ အစဉ်ထာဝရ ထိန်းသိမ်းကြ"ဟူသော ဆောင်ပုဒ်နှင့်အညီ ကျင်းပသည့် မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ (Myanmar Furniture Fair-2006) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ နောက်ခံစင်မြင့်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်

မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ ဖွင့်ပွဲအခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးစဉ်။

(မြန်မာ့အလင်း)

အောင်သိန်းလင်း၊ သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနလုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမရှေ့ မျက်နှာစာ၌ ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန်းဆွေ၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်လွင်တို့က မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ဒုတိယအကြိမ်ကျင်းပပေး

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမအတွင်း၌ ဆက်လက်ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆သည် ပရိဘောဂ အပါအဝင် မြန်မာ့သစ်တောထွက် ပစ္စည်းများကို အရောင်းမြှင့်တင်ရေးအတွက် ဒုတိယအကြိမ် ကျင်းပပေးခြင်း ဖြစ်ကြောင်း၊

ရည်ရွယ်ချက်များအနေဖြင့်–

- **မြန်မာနိုင်ငံသည် ကျွန်း၊ သစ်မာနှင့် အခြားသစ်တောထွက်ပစ္စည်းများ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်စေရန်၊**
- **သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး ဈေးကွက် ပိုမိုချဲ့ထွင်နိုင်ခြင်းဖြင့် ပြည်ပဝင်ငွေ တိုးမြှင့်ရရှိစေရန်၊**
- **ပြည်တွင်းပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့်လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရန်၊**
- **အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်နှင့်**
- **သစ်တောထွက် ပစ္စည်းများ၏ အရေးပါမှုကို နားလည် သိရှိပြီး သစ်တောသယံဇာတ ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်း ပါဝင်လာစေရန်တို့ပင် ဖြစ်ကြောင်း။**

ယခု ကျင်းပသည့် ဒုတိယအကြိမ် မြန်မာ့ပရိဘောဂပြပွဲ၌ ပထမအကြိမ်ကထက် ပိုမိုထူးခြားသောအချက်များကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ယခုပြပွဲတွင် သစ်နှင့်ပရိဘောဂများအပြင် ကြိမ်၊ ဝါးစသည့် အခြား သစ်တောထွက်ပစ္စည်းများ၊ လူသုံးနည်း သစ်မျိုးများဖြင့် ထုတ်လုပ်သည့် ပရိဘောဂပစ္စည်းများ၊ သစ်နှင့်သတ္တုကို တွဲဖက်သုံးစွဲပြီး ထုတ်လုပ်သည့် ပစ္စည်းများ၊ သစ်အခြေခံစက်မှုလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ ပါဝင်လာသည်ကို တွေ့ရကြောင်း၊ တစ်နည်းအားဖြင့် သစ်အခြေခံစက်မှု လုပ်ငန်းရှင်များအနေဖြင့် သစ်ကုန်ကြမ်းကို နည်းနည်းသုံးပြီး အခြားဆက်စပ် ပစ္စည်းများနှင့်တွဲဖက်ခြင်းဖြင့် တန်ဖိုးပိုမိုရရှိအောင်ကြိုးပမ်းဆောင်ရွက်နေသည်ဆိုသည့် အချက်ကို ပြသရာရောက်ကြောင်း၊ ထို့ကြောင့် ယနေ့ပြပွဲတွင် အနာဂတ် မြန်မာ့သစ်တောကဏ္ဍအတွက် အားရစရာကောင်းသည့် အနေအထားများကို တွေ့ရှိရကြောင်းကို ပြောကြားလိုကြောင်း။

ဂုဏ်ပြုပြောကြား

နိဂုံးချုပ်အနေဖြင့် ယနေ့မှစပြီး ငါးရက်ကြာ ကျင်းပသည့် မြန်မာ့ပရိဘောဂပြပွဲသည် မြန်မာနိုင်ငံသစ်တောစီးပွားရေးကဏ္ဍအတွက် အထူးအရေးပါသော ပြပွဲတစ်ရပ်ဖြစ်ကြောင်းကို ဂုဏ်ပြုပြောကြားလိုကြောင်း။

ပရိဘောဂ ပြခန်းရှင်များ အနေဖြင့်–

- **ယခုကဲ့သို့ ပြပွဲများ နှစ်စဉ်ကျင်းပရာတွင် ပူးပေါင်းပါဝင်ကြပါ၊**
- **ဤပြပွဲမှ ရရှိလာသော အတွေ့အကြုံဗဟုသုတနှင့် ဝယ်သူများ၏ ဆန္ဒများအပေါ် အခြေခံပြီး ယခုထက် ပိုမို ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းကြပါ၊**
- **မိမိတို့၏ သစ်အခြေခံစက်မှုလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုး တိုးတက်သည်နှင့်အမျှ နိုင်ငံတော်၏ စီးပွားရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးနိုင်အောင် ဆောင်ရွက်ပေးကြပါ**

ဟု တိုက်တွန်းပြောကြား လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ သစ်တောရေးရာ ဝန်ကြီးဌာန မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ နောက်ခံစင်မြင့်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပြခန်းအတွင်း၌ ကုမ္ပဏီပေါင်း ၄၇ခု၏ ပြခန်းပေါင်း ၁၆၂ခန်း၌ ခင်းကျင်းပြသထားသည့် အိမ်သုံး၊ လူသုံးနှင့် အလှဆင် ပရိဘောဂများ၊ နိုင်ငံတကာ နည်းပညာများဖြင့် အထူးပြုလုပ်ထားသော ကျွန်း အစားထိုး လူသိနည်းသည့် အခြားသစ်များဖြင့် ပြုလုပ်ထားသော ပရိဘောဂများ၊ ရော်ဘာသစ်သားဖြင့် ပြုလုပ်ထားသော ပရိဘောဂများ၊ ကြိမ်ထည် ပရိဘောဂ ပစ္စည်းများ၊ ပြည်ပ ကုမ္ပဏီများမှ ပြသထားသော ပရိဘောဂလုပ်ငန်းသုံး စက်ကိရိယာများ၊ ပြည်တွင်း ပရိဘောဂလုပ်ငန်းရှင်များ အစုအဖွဲ့က ဖွင့်လှစ်သည့် အခြေခံဒီဇိုင်း သင်တန်းသားများ ထုတ်လုပ်ထားသည့် ပရိဘောဂ ပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဖွင့်လှစ်ပြသသွားမည်

အဆိုပါ မြန်မာ့ပရိဘောဂပြပွဲ–၂၀၀၆ကို အောက်တိုဘာ ၂၁ရက်မှ ၂၅ရက်အထိ နေ့စဉ်နံနက် ၁၀နာရီမှ ညနေ၅နာရီအတွင်း ဖွင့်လှစ်ပြသထားမည်ဖြစ်ပြီး အောက်တိုဘာ၂၁ရက်မှ ၂၃ရက်အထိ လုပ်ငန်းရှင်များ၊ ပြည်ပဧည့်သည်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများအတွက် သီးသန့်ဖွင့်လှစ်ပြသသွားမည်ဖြစ်ပြီး အောက်တိုဘာ၂၄ရက်နှင့် ၂၅ရက်များတွင် အများပြည်သူများအား ဖွင့်လှစ်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ရာပြည့်အထိမ်းအမှတ်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန၏ ရာပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းကြည်**(အောက်ယာပုံ)**က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရာပြည့် အထိမ်းအမှတ် မော်ကွန်းကမ္ပည်းကြေးပြားကို ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း ယာယီကျောင်းအုပ်ကြီးဦးထွန်းမြိုင်အား ပေးအပ်သည်။

ထို့နောက် ရာပြည့်အထိမ်းအမှတ် ဟောပြောပွဲနှင့် စာတမ်းဖတ်ပွဲအခမ်းအနားကိုကျင်းပရာ ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးသန်းဆွေက မြေယာစနစ်ပြုပြင်ပြောင်းလဲခြင်းနှင့် လုပ်ငန်း အတွေ့အကြုံများကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးသာညိန်းက ညွှန်ကြားရေးမှူးချုပ်ဘဝ တာဝန်ထမ်းဆောင်စဉ် လုပ်ငန်းအတွေ့အကြုံများကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား) ဦးမြသိန်းက ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့် ပြောင်းလဲလာခြင်းစာတမ်း၊ ညွှန်ကြားရေးမှူး (အငြိမ်းစား) ဦးကြည်ရှိန်က ကြေးတိုင်မြေခွန်နှုန်းထားသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ အမှတ်ရချက်များ စာတမ်း၊ ညွှန်ကြားရေးမှူး (အငြိမ်းစား) ဦးဝင်းနိုင်က ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန သန္ဓေတည်ခဲ့စဉ်က အခြေအနေကို လေ့လာခြင်းစာတမ်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးစောလှိုင်က ခေတ်မီမြေတိုင်းကိရိယာများဖြင့် မြေတိုင်းတာခြင်းစာတမ်းတို့ကို ဖတ်ကြားတင်ပြကြပြီး ရာပြည့် အထိမ်းအမှတ် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနသည် ၁၈၈၇ ခုနှစ်တွင် မြေစာရင်းနှင့်စိုက်ပျိုးရေး ဦးစီးဌာနအဖြစ် စတင်ပေါ်ပေါက်လာပြီး ၁၉၀၅ ခုနှစ်တွင် ကြေးတိုင်နှင့် မြေစာရင်းနှင့် စိုက်ပျိုးရေးဌာနအဖြစ် ပူးပေါင်း ဖွဲ့စည်းခဲ့ပြီးနောက် ၁၉၀၆ ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနအဖြစ် သီးခြားဖြစ်တည်ပေါ်ထွန်းလာခဲ့ရာ ၂၀၀၆ခုနှစ် အောက်တိုဘာ ၁၅ရက်တွင် သက်တမ်းကာလနှစ်(၁၀၀)ပြည့်ခဲ့ပြီဖြစ်သည်။

အကောင်အထည်ဖော်

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသည် နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရာ၌ အခြေခံ စာရင်းအချက်အလက်များ ကောက်ယူစာရင်း ပြုစုထုတ်ပြန်ခြင်း၊ နိုင်ငံတော်၏မူဝါဒနှင့်အညီ လယ်ယာမြေကိုစနစ်တကျ အကျိုးရှိစွာ အသုံးချနိုင်ရေးနှင့် တောင်သူလယ်သမားတို့၏ ဘဝလုံခြုံတိုးတက်ရေးအတွက်လယ်ယာမြေစီမံခန့်ခွဲ အုပ်ချုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

မျက်မှောက်ကာလတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ချမှတ်ထားသော မူဝါဒများနှင့်အညီ နိုင်ငံတော်၏ လယ်ယာကဏ္ဍစိုက်ပျိုးထုတ်လုပ်မှုနှင့် မြေယာအသုံးချမှုဆိုင်ရာ စာရင်းအင်းများ အချိန်နှင့်တစ်ပြေးညီ မှန်ကန်စွာ ကောက်ယူပြုစုတင်ပြထုတ်ပြန်ရေးနှင့် လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းများကိုဥပဒေနှင့်အညီ ဆောင်ရွက်ရေးကို အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

မြနန္ဒာကမ္ဘောဇကျောင်းတိုက် ကထိန်လှူသင်္ကန်းလှူပွဲ

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ မြနန္ဒာကမ္ဘောဇကျောင်းတိုက်အတွင်း၌ ပုရိမဝါမှထတော်မူကြကုန်သော ဘဒ္ဒန္တတိက္ခဉာဏ ရှမ်းဘုန်းဘုန်းအမှူးရှိသော သံဃာတော်များနှင့် ပင့်သံဃာဆရာတော်ကြီးများအား ဆရာတော်၏တပည့်ဒါယကာ ဒါယိကာမ အပေါင်းတို့က (၁၃)ကြိမ်မြောက် စုပေါင်းကထိန်လျှာ သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း၁၃ရက် (နိုဝင်ဘာ၂ရက်)တွင် ကျင်းပမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသော တပည့် ဒါယကာ ဒါယိကာမများနှင့် ဓမ္မမိတ်ဆွေအလှူရှင်များ ဖုန်း–၀၉–၈၀၂၀၅၆၀၊ ၅၄၃၃၄၅ နှင့် ၅၅၉၆၁၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရွှေနံ့သာဘုရားကြီးတိုက် ဘုံကထိန်ပွဲ

ရန်ကုန် အောက်တိုဘာ ၂၁

မင်္ဂလာဒုံမြို့နယ် ရွှေနံ့သာရွာမ စံပြမြို့သစ် ဘုရားကြီးကျောင်းတိုက် (မြသိန်းတန်ပရိယတ္တိစာသင်တိုက်ခွဲ)၌ ဝါဆိုဝါကပ်ပြုတော်မူကြသော ဘဒ္ဒန္တဣန္ဒက(ဓမ္မာစရိယ၊ပါဠိပါရဂူ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)အမှူးပြုသော ဝါဆိုသံဃာ ၅၅ပါးနှင့်ပင့်သံဃာတော် ၂၅ ပါးတို့အား (၁၀)ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို အောက်တိုဘာ၂၉ရက်တွင် ကျင်းပမည်ဖြစ်ရာ လှူဖွယ်ဝတ္ထုပစ္စည်းကို လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရုပ်သေး "သဒ္ဒါသုမနဇာတ်တော်ကြီး" မည်သူမဆို အခမဲ့ကြည့်ရှုနိုင်

နေပြည်တော် အောက်တိုဘာ ၂၁

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ရုပ်သေး"သဒ္ဒါသုမန ဇာတ်တော်ကြီး"ကို ရေဆင်းတက္ကသိုလ်ဝင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ဆက်လက်ယှဉ်ပြိုင်ကြရာ မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်းနှင့် အောက်တိုဘာ ၂၂ ရက် **(ယနေ့)**တွင် ရန်ကုန်တိုင်း ထက်အာကာ ရုပ်စုံစင်တော်ကြီးအဖွဲ့ ပါဝင် ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းရှင်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအား တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားစဉ်။
(သတင်းစဉ်)

✡ ရှေ့ဖုံးမှ

တက်ရောက်

တွေ့ဆုံပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းရှင်များ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ်က မှာကြားရာ၌ **ယနေ့ နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ် စနစ်ကျနစွာ လည်ပတ်ဖွံ့ဖြိုးရေး၊ ပုဂ္ဂလိကအခန်းကဏ္ဍ ကြီးပွားတိုးတက်ရေး၊ ပြည်သူတို့၏ လူနေမှုဘဝပြည့်စုံလုံခြုံရေး၊ နိုင်ငံတော်ကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ခိုင်ခိုင်မာမာ ရေရှည်တည်တံ့ရေးစသည့် လူမှုသုခ တောင့်တမျှော်မှန်းချက်များမှာ သက်ရှိထင်ရှား ပစ္စုပ္ပန်လူများအတွက်သာမက နောင်လာနောက်သား အဆက်ဆက်အတွက်ပါ ထည့်သွင်းစဉ်းစားသည့် မျှော်မှန်းချက်များဖြစ်ကြောင်း၊ လူတစ်ဦး၊ လူတစ်စု၊ တစ်ဖွဲ့ လူနည်းစုအတွက်မဟုတ်ဘဲ တစ်မျိုးသားလုံး အကျိုးစီးပွားနှင့် သက်ဆိုင်သော မျှော်မှန်းချက်များဖြစ်သည့်အတွက် ယင်းမျှော်မှန်းချက်များကို နိုင်ငံတော်အစိုးရအပိုင်းနှင့် လုပ်ငန်းရှင်များအပါအဝင်ဖြစ်သည့် ပြည်သူများအပိုင်းက တက်ညီလက်ညီ ပူးပေါင်းအကောင်အထည် ဖော်ကြရမှာဖြစ်ကြောင်း။**

တွေ့ဆုံအားလောင်း

ထို့ကြောင့် ယနေ့ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရခြင်းမှာ တိုင်းပြည်၏စီးပွားရေးဘဝ အခြေခိုင်ခိုင်မာမာ၊ လမ်းကြောင်းမှန်မှန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဖော်ကိုင်ဖက်အချင်းချင်း တွေ့ဆုံအားလောင်းခြင်း၊ အားညှိခြင်းဖြစ်သည်ဟု ပဏာမပြောကြားလိုကြောင်း။

ယနေ့တိုင်းပြည်၏ စီးပွားရေးဘဝကိုကြည့်မည်ဆိုလျှင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ကျယ်ကျယ်ပြန့်ပြန့် ရပ်တည်ပါဝင်နေကြောင်း၊ တိုင်းပြည်၏ အမျိုးသားစီးပွားရေးအခြေအနေ တိုးတက်လာနေသကဲ့သို့ ပုဂ္ဂလိကစီးပွားရေး အနေအထားသည်လည်း တိုးတက်လျက်ရှိကြောင်း ဥပမာအားဖြင့် ကောက်နုတ်ကြည့်မည်ဆိုလျှင်–

နိုင်ငံတော်၏ ဂျီဒီပီတန်ဖိုးပမာဏသည် နှစ်အလိုက် ဈေးနှုန်းအရ ၁၉၈၈–၈၉ခုနှစ်၌ ကျပ် ၇၆ဘီလီယံကျော်ရှိရာမှ ၂၀၀၅–၂၀၀၆ခုနှစ်တွင် ကျပ် ၁၂၁၆၂ဘီလီယံခန့်အထိ ဖြစ်ပေါ်လာကြောင်း။

တိုးတက်လာ

ထို့အတူ လူတစ်ဦးစီ၏ ပျမ်းမျှဝင်ငွေသည် ၁၉၈၈–၈၉ခုနှစ်၌ ကျပ် ၁၉၄၀ ရှိခဲ့ရာမှ ၂၀၀၅–၂၀၀၆ခုနှစ်မှာ ကျပ် ၂၂၀၀၀၀ကျော်အထိ တိုးတက်လာကြောင်း။

အလားတူ နိုင်ငံတော်၏ ဂျီဒီပီ၌ ပုဂ္ဂလိကကဏ္ဍပါဝင်မှု အချိုးအစားမှာလည်း ၁၉၈၈–၈၉ခုနှစ်တွင် ၇၁ရာခိုင်နှုန်းကျော်ရှိခဲ့ရာမှ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော်အထိ မြင့်မြင့်မားမား ပါဝင်လာလျက်ရှိကြောင်း။

ထည်ထည်ဝါဝါရပ်တည်

ခြုံလိုက်လျှင် နိုင်ငံတော်၏ ဂျီဒီပီမှာရော၊ ထုတ်လုပ်မှုကဏ္ဍ၊ ကုန်သွယ်မှုကဏ္ဍစသည့် စီးပွားရေးကဏ္ဍတစ်ခုချင်းမှာပါ ပုဂ္ဂလိကပိုင်ဆိုင်မှုသည် မြင့်မြင့်မားမား တိုးချဲ့ပါဝင်လျက်ရှိကြောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက ငွေကြေး အရင်းအနှီးအရ၊ လုပ်ငန်းအတွေ့အကြုံအရ အင်အားရှိသည့် လုပ်ငန်းရှင်ဆိုပြီး မည်မည်ရရ မရှိခဲ့ရာမှ ယနေ့အခါမှာဆိုလျှင် နိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒများ၏ အကျိုးပြုမှုကြောင့် တိုင်းရင်းသားလုပ်ငန်းရှင်မျိုးစုံသည် လယ်ယာလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း စသည့် စီးပွားရေးလုပ်ငန်းအမျိုးမျိုးမှာ ရပ်တည်ဖွံ့ဖြိုးလာနေပြီဖြစ်ကြောင်း၊ ပုဂ္ဂလိက စီးပွားအခွင့်အလမ်း ပွင့်လာသည်နှင့်အမျှ တစ်ဦးချင်းကြိုးစားမှု၊ စွန့်စားမှုတို့ အပေါ်မှီပြီး လုပ်ငန်းရှင်များအဖြစ် ထည်ထည်ဝါဝါ ရပ်တည်လာနိုင်ခြင်းမှာ နိုင်ငံတော်အတွက် အားတက်ဖွယ်ရာ ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

ယနေ့ အရင်းအနှီးနှင့် စီမံခန့်ခွဲမှု စွမ်းအားရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် တိုင်းပြည်၏စီးပွားရေး အရှည်သဖြင့် ဖွံ့ဖြိုးတိုးတက်နေရေးကို မျှော်ပြီး၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၌ ပိုမိုရင်းနှီးမြှုပ်နှံ လုပ်ကိုင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

အပြန်အလှန်ဆက်စပ်

တိုင်းပြည်၏ သဘာဝသယံဇာတ အခြေအနေအရ လယ်ယာ၊ သားငါး၊ စက်မှု၊ သစ်တောစသည်ဖြင့် အလားအလာကောင်းသည့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များစွာရှိကြောင်း၊ ယင်းစီးပွားရေးနယ်ပယ်များ၌ ပုဂ္ဂလိကများက တိုးချဲ့ရင်းနှီးမြှုပ်နှံသင့်ကြောင်း၊ ယင်းစီးပွားရေးကဏ္ဍများ၌ ပုဂ္ဂလိက ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာပြီး အခြေခံကုန်ကြမ်းပစ္စည်းများသာမက တန်ဖိုးမြှင့်တင်ထားသော ကုန်ချောပစ္စည်းများ၊ အမယ်သစ်ပို့ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်မှသာ ကုန်သွယ်မှုလုပ်ငန်းသည်လည်း ပိုမိုဖွံ့ဖြိုး ကျယ်ပြန့်လာမှာဖြစ်ကြောင်း၊ ကုန်သွယ်မှုဖွံ့ဖြိုးလာသည်နှင့်အမျှ ကုန်ထုတ်လုပ်မှုကဏ္ဍသည်လည်း ထပ်ဆင့်တိုးတက်လာမှာဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည် အပြန်အလှန်ဆက်စပ် အကျိုးပြုနေခြင်းဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ကုန်ထုတ်လုပ်မှုကို အလေးထားအားပေးလျက်ရှိသည့်နည်းတူ ကုန်သွယ်မှုလုပ်ငန်း ဖွံ့ဖြိုးလာအောင်လည်း အခွင့်အလမ်းကောင်းများ ဖန်တီးပေးလျက်ရှိကြောင်း။

အချက်အချာနေရာ

အချို့နိုင်ငံများ၏ အခြေအနေကိုကြည့်လျှင် ကုန်ထုတ်လုပ်ငန်းများ ထူထောင်လုပ်ကိုင်ရန် သယံဇာတပစ္စည်းမရှိသဖြင့် ကုန်သွယ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းကိုပဲ အထူးပြုပြီး ကြီးပွားချမ်းသာလျက်ရှိသည့် နိုင်ငံများ ရှိနေသည်ကို တွေ့မြင်ရမှာဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရေမြေအခြေအနေမှာ ကုန်ထုတ်လုပ်ငန်းရော၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းတို့ပါ လုပ်ကိုင်နိုင်ကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေးပထဝီအနေအထားကောင်းအရ အာဆီယံနိုင်ငံများနှင့် ဘင်းမ်စတက်နိုင်ငံများအကြား အချက်အချာနေရာတွင်ရှိပြီး စီးပွားရေးပေါင်းကူးသဖွယ် လုပ်ကိုင်နိုင်ကြောင်း၊ လူဦးရေများပြားပြီး ဈေးကွက်ကြီးမားသည့် နိုင်ငံများအကြား၌လည်းရှိကြောင်း။

ထို့ကြောင့် တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် မိမိအားသန်ရာ၊ စိတ်ဝင်စားရာ လုပ်ငန်းများကို ရွေးချယ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းကောင်းရှိပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း ကူညီစောင့်ရှောက်သွားမှာဖြစ်ကြောင်း။

တိုးချဲ့တင်ပို့

နိုင်ငံတော်အစိုးရက ဆန်စပါး၊ ဝါ၊ ကြံ စသည့် စိုက်ပျိုးရေးထွက်ကုန်သီးနှံများကိုလည်း ဝင်ရောက်ကန့်သတ်ဝယ်ယူခြင်း လုံးဝမပြုတော့ဘဲ ပုဂ္ဂလိကများအား လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ ထို့အတူ ရော်ဘာ၊ အစေ့ထုတ်ပြောင်း၊ နှမ်း၊ ကြက်သွန်နီတို့ကိုလည်း ပြည်ပကို တိုးချဲ့တင်ပို့ခွင့်ပေးလျက်ရှိကြောင်း။

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်းပြီး ရုံးအဆင့်ဆင့် မသွားရအောင်၊ စာရွက်စာတမ်း ပုံစံအမျိုးမျိုးမဖြည့်ရအောင် စီမံထားရှိသကဲ့သို့ (One Stop Service) ပီပြင်အောင်လည်း ကြိုးပမ်းစီမံ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းကို ရန်ကုန် ပင်လယ်ထွက်ပေါက်တစ်ခုတည်းမှ မဟုတ်တော့ဘဲ နယ်စပ်ဒေသများမှတစ်ဆင့် ကုန်းလမ်းထွက်ပေါက်များအတိုင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းကို တိုးချဲ့ဖွင့်လှစ်ပေးထားကြောင်း။

အပြန်အလှန်အကျိုးရှိ

နယ်စပ်ကုန်သွယ်ရေးစနစ်မှာ နယ်နိမိတ်ချင်းထိစပ်နေသည့် နယ်စပ်ဒေသများအကြား တစ်နိုင်တစ်ပိုင် စားသုံးရေးအတွက်သာ အပြန်အလှန်ထားရှိသင့်သည်မျိုးဖြစ်ပြီး ပိုမိုကျယ်ပြန့်ကြီးမားလာသည့် ကုန်သွယ်မှုပမာဏကိုမူ နိုင်ငံတကာ ကျင့်သုံးမြဲဖြစ်သည့် ပုံမှန်ကုန်သွယ်မှုစနစ်အတိုင်း ပြောင်းလဲလုပ်ကိုင်သွားကြရမှာဖြစ်ကြောင်း၊ သို့မှလည်း ကုန်သွယ်ဖက်နိုင်ငံအချင်းချင်း အပြန်အလှန် အကျိုးရှိနိုင်ပြီး ကုန်သွယ်မှုလုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးနိုင်မှာဖြစ်ကြောင်း။

ထို့ကြောင့် နယ်စပ်ကုန်သွယ်ရေးစနစ်ဖြင့်သာ အကျွမ်းဝင်နေသည့် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်များကိုလည်း ပုံမှန်ကုန်သွယ်ရေးစနစ်ကို ပြောင်းလဲလုပ်ကိုင်တတ်အောင် နိုင်ငံတော်အပိုင်းက ပံ့ပိုးကူညီသင်ကြားပေးလျက်ရှိကြောင်း။

စည်းကမ်းတကျလုပ်ကိုင်

အထူးသဖြင့် မှာကြားလိုသည်မှာ **ပို့ကုန်သွင်းကုန်လုပ်ငန်းများကို တိုးချဲ့ဖွင့်လှစ်ပေးထားသည့် တရားဝင်လမ်းကြောင်းများအတိုင်း ရိုးရိုးသားသား စည်းကမ်းတကျ လိုက်နာလုပ်ကိုင်ကြရန်ဖြစ်ကြောင်း၊ ဥပဒေစည်းမျဉ်းစည်းကမ်း ဖောက်ဖျက်မှု၊ တရားမဝင် မှောင်ခိုကုန်သွယ်မှုမျိုးမလုပ်မိရန် အရေးကြီးကြောင်း၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း လိုက်နာသူများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်က ကာကွယ်စောင့်ရှောက်သွားမည်သာဖြစ်ကြောင်း။**

တိုင်းပြည်၏ ပို့ကုန်၊ သွင်းကုန်လုပ်ငန်း မြန်ဆန်သွက်လက်လာသည်နှင့်အမျှ နိုင်ငံတော်၏ ပြည်ပကုန်သွယ်မှုပမာဏဟာ တစ်နှစ်ထက်တစ်နှစ်များပြားလာသည့်အပြင် ၂၀၀၂–၂၀၀၃ခုနှစ်မှစပြီး နိုင်ငံခြားကုန်သွယ်မှုရှင်းတမ်း၌ ပို့ကုန်တန်ဖိုးသည် သွင်းကုန်တန်ဖိုးထက် ပိုမို များပြားလာသည့်အတွက် နှစ်စဉ်ကုန်သွယ်မှု ပိုငွေများပြလျက်ရှိသည်အထိ အောင်မြင်လျက်ရှိကြောင်း။

ယခင်က နိုင်ငံတော်၏ ပြည်ပကုန်သွယ်မှု ပမာဏမှာ ဒေါ်လာသန်း ၁၀၀၀အထိရှိရန်ပင် မလွယ်ကူခဲ့သလို သွင်းကုန်က ပို့ကုန်ထက်များပြီး အမြဲလိုငွေပြခဲ့ကြောင်း၊ ယခုအခါ ကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၅၀၀၀ကျော်အထိရှိလာပြီး ယခုနှစ် ၂၀၀၆–၂၀၀၇ခုနှစ်မှာ ဒေါ်လာ သန်း၇၀၀၀ခန့်အထိ ဖြစ်ပေါ်လာနိုင်သည့် အလားအလာများရှိနေကြောင်း။

တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်

နိုင်ငံတော်တွင် ဈေးကွက်စီးပွားရေးစနစ် စနစ်ကျနစွာ လည်ပတ်ဖွံ့ဖြိုးရေး၊ ပုဂ္ဂလိကအခန်းကဏ္ဍ ကြီးပွားတိုးတက်ရေး၊ ပြည်သူတို့၏ လူနေမှုဘဝပြည့်စုံလုံခြုံရေး၊ နိုင်ငံတော်ကြီးတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ခိုင်ခိုင်မာမာ ရေရှည်တည်တံ့ရေး စသည့် လူမှုသုခ တောင့်တမျှော်မှန်းချက်များမှာ သက်ရှိထင်ရှား ပစ္စုပ္ပန်လူများအတွက်သာမက နောင်လာနောက်သား အဆက်ဆက်အတွက်ပါ ထည့်သွင်းစဉ်းစားသည့် မျှော်မှန်းချက်များဖြစ်၊ လူတစ်ဦး၊ လူတစ်စု၊ တစ်ဖွဲ့ လူနည်းစုအတွက် မဟုတ်ဘဲ တစ်မျိုးသားလုံး အကျိုးစီးပွားနှင့် သက်ဆိုင်သော မျှော်မှန်းချက်များဖြစ်သည့်အတွက် ယင်းမျှော်မှန်းချက်များကို နိုင်ငံတော်အစိုးရအပိုင်းနှင့် လုပ်ငန်းရှင်များ အပါအဝင်ဖြစ်သည့် ပြည်သူများအပိုင်းက တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်။

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိ ရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်တင်ဆက်မှုကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၁

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ 'သဒ္ဒါသုမနဇာတ်တော်ကြီး' ရုပ်သေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာသီရိရုပ်စုံသဘင်အဖွဲ့ ရုပ်သေးပြိုင်ပွဲကို ယနေ့ညဂုနာရီတွင် ပထမဆုံးနေ့အဖြစ် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ခန်းမ၌ ကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ တက်ရောက်ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

အဆိုပါ ရုပ်သေးပြိုင်ပွဲ ယှဉ်ပြိုင်တင်ဆက်ရာသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး ဒေါ်ဆွေဆွေဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးရန်နိုင်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် တပ်ရင်းတပ်ဖွဲ့မှ မိသားစုများ၊ နေပြည်တော်သို့ လေ့လာရေးခရီးရောက်ရှိနေကြသည့် ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်များ၊ နေပြည်တော် အနီးဝန်းကျင်ရှိ ခရိုင်နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများ၊ ရုပ်သေးအနုပညာကို ချစ်မြတ်နိုးကြသော ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

ဖျော်ဖြေတင်ဆက်

အဆိုပါပြိုင်ပွဲတွင် ရုပ်သေးအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးချစ်စံဝင်း၊ အတွင်းရေးမှူး ဦးရွှေကြည်နှင့် အဖွဲ့ဝင်များက အမှတ်ပေး အကဲဖြတ်ကြသည်။

ပြိုင်ပွဲတွင် ဦးအောင်ဇော်မြင့် ဦးစီးသော မြန်မာ့ဆိုင်းဝိုင်းကြီးနှင့်တွဲဖက်၍ ရွှေမန်းကျော်မြင့် ဦးဆောင်သော ဆိုင်ပြော အနုပညာရှင်များ၊ ဦးစိန်မောင်ဝင်း ဦးဆောင်သော ကြိုးဆွဲပညာရှင်များက သဒ္ဒါသုမနဇာတ်တော်လာ စိတ်ရင်းစေတနာမှန်သူသည် ဘေးအန္တရာယ်အသွယ်သွယ်ကို ကျော်လွှားလွန်မြောက်အောင်မြင်နိုင်ခြင်း၊ အလှူဒါန၏အကျိုးတရားသည် ပစ္စုပ္ပန်ဘဝ၌ပင် အကျိုးတရားကို ဖြစ်ထွန်းစည်ပင်စေခြင်း၊ ပေး၍မကုန် လှူ၍မခန်း ဟူသော ဓမ္မတရားကို လူတိုင်းလူတိုင်း သိမြင်နိုင်စေရန် ရုပ်သေးကြိုးဆွဲပညာရပ်များ၊ ဆိုင်ပြော ပညာရပ်များဖြင့် ရှုမငြီးဖွယ် ဖျော်ဖြေတင်ဆက်သွားသည်။

အောက်တိုဘာ ၂၂ရက်ညတွင် ရန်ကုန်တိုင်းကိုယ်စားပြု ထက်အာကာရုပ်သေးရုပ်စုံအဖွဲ့ ယှဉ်ပြိုင်တင်ဆက်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

သဒ္ဒါသုမနဇာတ်တော်ကြီး ရုပ်သေးပြိုင်ပွဲ ကြည့်ရှုအားပေး

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ 'သဒ္ဒါသုမန ဇာတ်တော်ကြီး' ရုပ်သေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်း ကိုယ်စားပြု ဇေယျာသီရိရုပ်စုံသဘင်အဖွဲ့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

အလေးထားဆောင်ရွက်

ပို့ကုန် သွင်းကုန်လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို စိစစ်လမ်းကြောင်းပေးလျက်ရှိသော ကုန်သွယ်မှုမူဝါဒကောင်စီကလည်း အစည်းအဝေးကို ပုံမှန်ကျင်းပပြီး တင်ပြချက်များကို စိစစ်ခွင့်ပြုလျက်ရှိသည့် နည်းတူ လုပ်ငန်းရှင်များအား ရင်းနှီးမြှုပ်နှံမှု မမှားစေရေး၊ ပို့ကုန်ပစ္စည်းများ ဈေးနှုန်းမှန် ရရှိစေရေး၊ အမယ်သစ်ပို့ကုန်များ တိုးတက်တင်ပို့ရေး၊ ဈေးကွက်ကျယ်ပြန့်စွာ ရရှိရေးတို့အတွက် အသိပေးလမ်းညွှန်မှုများ ပြုလျက်ရှိကြောင်း၊ နိုင်ငံတော်သည် မိမိပြုစုပျိုးထောင်ထားသည့် စီးပွားရေးလုပ်ငန်းရှင်များ အရင်းအနှီး မဆုံးရှုံးစေဘဲ မှန်မှန်ကန်ကန် ကြီးပွားစေရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မိမိတို့၏ လုပ်ငန်းရှင်အများစုမှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများထက် ရောင်းရေးဝယ်တာ လုပ်ငန်းမျိုးကိုသာ ပိုစိတ်ဝင်စားသည့် အားနည်းချက်များ ရှိနေဆဲဖြစ်ကြောင်း၊ ရောင်းရေးဝယ်တာ လုပ်ငန်းဆိုသည်မှာ အမြတ်ရနိုင်မှုအပေါ် မျှော်မှန်းချက်ထားပြီး တစ်ဦးချင်း တစ်နိုင်တစ်ပိုင် သင့်သလို တစ်ပွဲတိုးလုပ်ကိုင်ခြင်းမျိုးဖြစ်၍ ကုန်သွယ်မှုလုပ်ငန်းကဲ့သို့ ကျယ်ပြန့်မှု၊ စနစ်ကျနမှု မရှိကြောင်း လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုလည်းမလိုအပ်ကြောင်း။

ရွေးချယ်လုပ်ကိုင်

ကုန်ပစ္စည်းအမျိုးအစားအလိုက် အစဉ်တစိုက် လုပ်ကိုင်နေသည့် ကုန်သည်များအနေဖြင့် ထုတ်လုပ်မှုနယ်ပယ်နှင့် ဈေးကွက်ကို ပိုင်ပိုင်နိုင်နိုင် နားလည်ထိန်းကျောင်းကြရမှာဖြစ်ကြောင်း၊ ပြည်တွင်း ဈေးကွက်အခြေအနေကို သင့်တင့်မျှတစွာ ထိန်းကျောင်းပြီး ပြည်ပဈေးကွက်ကို ထိုးဖောက်နိုင်အောင်၊ ပြည်တွင်း စားသုံးမှုဖူလုံရေးကို မထိခိုက်စေဘဲ ပြည်ပသို့ တင်ပို့ရောင်းချနိုင်အောင်၊ ထိုက်တန်သော ပေါက်ဈေးရရှိအောင်၊ ဈေးကွက်ခိုင်မာအောင် စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားလုပ်ကိုင်ကြရကြောင်း၊ လက်ငင်းအကျိုးအမြတ်ရရှိရေးအတွက် ဆူလွယ်နပ်လွယ် နည်းလမ်းများဖြင့် လုပ်ကိုင်၍မဖြစ်ဘဲ၊ ရေရှည်တည်တံ့ အကျိုးဖြစ်ထွန်းမည့်နည်းလမ်းကိုသာ ရွေးချယ်လုပ်ကိုင်ကြရပါကြောင်း၊ ဖြတ်လမ်းလိုက်ပြီး အမှားကျူးခဲ့မှုများ၊ လောဘသားကောင်ဖြစ်ခဲ့မှုများ၊ လွန်လွန်ကဲကဲ ဈေးကစားမှုများ၊ လာဘ်ပေးမှု၊ လိမ်လည်မှု စသည့် ဥပဒေနှင့်မညီညွတ်သည့် လုပ်ရပ်များကို ကျူးခဲ့ကြရ၊ ကျော်လွှားခဲ့ကြရပြီးဖြစ်ကြောင်း၊ ၂၀၀၅ခုနှစ် ပဲမျိုးစုံ ဈေးကွက်၌ လိမ်လည်မှုကြီးဖြစ်ခဲ့သလို ရန်ကုန်ဆိပ်ကမ်းနှင့် မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းတို့၌လည်း ဝန်ထမ်းများအား မမှန်မကန်လုပ်ဆောင်မှုများဖြင့် အရေးယူခဲ့ရသည်များ ရှိခဲ့ပြီးဖြစ်ကြောင်း။

လုပ်ပိုင်ခွင့်ရှိသည့် အကျင့်ပျက်ဝန်ထမ်းများကို လာဘ်ပေး၊ တံစိုးလက်ဆောင်ပေးပြီး ပုဂ္ဂိုလ်ရေးဆန်ဆန် ရင်းနှီးပေါင်းဖက်မှုမျိုး မပြုလုပ်ဘဲ နိုင်ငံတော်အစိုးရ၏ မူဝါဒအရ၊ ဥပဒေအရ ကာကွယ်စောင့်ရှောက်မှုမျိုးကိုသာ အပြည့်အဝ ရယူခံယူသင့်ကြောင်း။

တီထွင်ကြံဆ

ယနေ့ ခေတ်သစ်၊ စနစ်သစ်နှင့်အတူ အတွေးသစ်၊ အမြင်သစ်တွေ မွေးပြီး ရေရှည်တည်တည်တံ့တံ့နှင့် အကျိုးဖြစ်ထွန်းမည့် စီးပွားရေးလုပ်ငန်းများကို စွဲစွဲမြဲမြဲ တီထွင်ကြံဆ လုပ်ကိုင်သွားကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်၏ အကျိုးနှင့် ပုဂ္ဂလိက တစ်ဦးချင်း၏အကျိုးကို မျှမျှတတ ချင့်ချိန်လုပ်ကိုင်တတ်ပြီး သိက္ခာသမာဓိရှိသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ကမ္ဘာကိုတက်လှမ်းပြီး ယှဉ်ပြိုင်အားရှိသည့် စီးပွားရေးလုပ်ငန်းရှင်များဖြစ်ရန်အထိ မျှော်မှန်းချက်ထားရန် လိုအပ်ကြောင်း။

နိုင်ငံတော်အပိုင်းက ယနေ့ဆိုလျှင် ကျင့်ဝတ်သိက္ခာချိုးဖောက်မှု၊ ဖောက်လွဲဖောက်ပြန်မှု၊ လာဘ်ပေးလာဘ်ယူမှုစသည့် ပြည်သူအကြည်ညိုမဲ့စေသောလုပ်ရပ်များကို ရှောင်ကြဉ်နိုင်စွမ်းရှိသည့် သန့်ရှင်းစင်ကြယ်သည့် အစိုးရယန္တရားဖြစ်စေရေး၊ သွက်လက်ထက်မြက်သည့် အစိုးရယန္တရားဖြစ်စေရေးအတွက် လိုအပ်သော ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လျက်ရှိကြောင်း၊ အဖွဲ့အစည်း ဌာနအလိုက် လိုအပ်သောပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်နေသကဲ့သို့ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၏ စွမ်းရည်ကိုလည်း မြှင့်တင်လျက်ရှိကြောင်း။

တက်ညီလက်ညီဆောင်ရွက်

ပုဂ္ဂလိကလုပ်ငန်းရှင်အပိုင်းကလည်း နိုင်ငံတော်၏ ဦးစီးဦးဆောင်မှု၊ ပြုပြင်ပြောင်းလဲမှုများကို နားလည်ခံယူပြီး စီးပွားရေးဆိုင်ရာ မမှန်မကန် လုပ်ရပ်များကိုရှောင်ကြဉ်ပြီး ပြုပြင်ပြောင်းလဲမှုများကို တစ်ဦးချင်းအလိုက်ရော၊ အသင်းအဖွဲ့အလိုက်ပါ တက်ညီလက်ညီ ဆောင်ရွက်သင့်ကြောင်း။

ဆန်ပေါ်ချိန်ဆန်၊ ပဲပေါ်ချိန်ပဲ၊ နှမ်းပေါ်ချိန်နှမ်း စသည်ဖြင့် အကျိုးအမြတ် ရရာရကြောင်းမျှော်မှန်းပြီး တစ်ပွဲတိုးဝင်ရောက်ပြီး ဈေးနှုန်းကစားခြင်းမျိုးမဖြစ်စေရေး၊ ပြည်တွင်းကုန်သွယ်မှုတည်ငြိမ်စေရေး၊ ကုန်ဈေးနှုန်းများ မှန်ကန်တည်ငြိမ်စေရေးတို့ကို ဝိုင်းဝန်းထိန်းကျောင်းကြရန် လိုအပ်ကြောင်း။

ပို့ကုန် သွင်းကုန် လျှော့က်ထားရာ၌လည်းကောင်း၊ လက်တွေ့ကုန်ပစ္စည်းတင်ပို့၊ တင်သွင်းရာ၌လည်းကောင်း မမှန်မကန် လုပ်ကိုင်ဆောင်ရွက်ခြင်းများ မပြုလုပ်မိကြရန်လည်း အရေးကြီးကြောင်း။

စုပေါင်းဦးဆောင်မှုနှင့် တစ်ဦးချင်း တာဝန်ယူမှုစသည့် အလေ့အထကောင်းကို ထူထောင်နိုင်ရေးအတွက် မိမိတို့လုပ်ငန်းအလိုက် ဖွဲ့စည်းထားပြီးသော အသင်းအဖွဲ့များ ရှင်သန်ခိုင်မာအောင် ပြုစုပျိုးထောင်ကြရမှာဖြစ်ကြောင်း၊ အသင်းအဖွဲ့၏ ကြပ်မတ်လမ်းညွှန်မှုကို တစ်ဦးချင်း၊ ကုမ္ပဏီတစ်ဖွဲ့ချင်းက နာခံ၍ ညီညီနွှင်းနွှင်း လုပ်ကိုင်သွားကြရန် အထူးအရေးကြီးကြောင်း။

စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး ဆိုသည့် မွန်မြတ်သည့် ဦးတည်ချက်ကို အလေးအနက် ခံယူကျင့်သုံးကြရန် ဖြစ်ကြောင်း။

အမြဲဆင်ခြင်သုံးသပ်

ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာ၌လည်းကောင်း၊ ထိန်းသိမ်းစောင့်ရှောက်ရာ၌လည်းကောင်း အင်အားတောင့်တင်းသော စီးပွားရေးလုပ်ငန်းရှင်များနှင့် ပညာတတ်များက ရှေ့ဆောင်ရှေ့ရွက်ပြုရမည်ဖြစ်ရာ မိမိတို့ကိုယ်တိုင် မိမိတို့၏စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ အမြော်အမြင်ရှိရှိ၊ အရည်အသွေးရှိရှိ လုပ်ကိုင်တတ်သော လုပ်ငန်းရှင်များ၊ ရိုးသားဖြောင့်မတ်ပြီး အများကလေးစားသည့် လုပ်ငန်းရှင်များဖြစ်အောင် အမြဲဆင်ခြင်သုံးသပ် ကြိုးစားကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးလုပ်ငန်း အစီအစဉ်များကို လက်တွေ့အကောင်အထည်ဖော်ရာ၌ စီးပွားရေးလုပ်ငန်းရှင်အားလုံးက နားလည်မှုရှိရှိ၊ အသိတရားရှိရှိဖြင့် တက်တက်ကြွကြွ ပူးပေါင်း အကောင်အထည်ဖော်ကြရမှာဖြစ်ကြောင်း၊ တိုင်းပြည်၌ တည်ငြိမ်သော နိုင်ငံရေးအခြေအနေကောင်း၊ ဖွံ့ဖြိုးအားကောင်းသော စီးပွားရေးအခြေအနေကောင်း၊ ပညာအရည်အသွေးနှင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုရှိသော လူ့စွမ်းအား အရင်းအမြစ်ကောင်းတို့ကို ပြုစုပျိုးထောင်ရာ၌ နိုင်ငံတော်အစိုးရနှင့်အတူ အလွှာပေါင်းစုံမှ ပြည်သူအားလုံး တလုံးတစည်းတည်း ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

တာဝန်သိသိစောင့်ရှောက်

နိဂုံးချုပ်အားဖြင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များသည် မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အမြင် ကျယ်ကျယ်ဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်အောင် ကြိုးစားကြပါ၊ တိုင်းပြည်နှင့် လူမျိုးကိုချစ်သည့် မွန်မြတ်သောစိတ် အမြဲကိန်းအောင်း ခိုင်မြဲနေအောင် မိမိ ကိုယ်ကို ပြုစုပျိုးထောင်ပါ၊ အချင်းချင်းနားလည်မှု၊ စာနာမှု၊ သည်းခံမှု၊ ညီညွတ်မှုစသည့် စိတ်ရင်းကောင်းများမွေးမြူပြီး မိမိကိုယ်တိုင် ပါဝင်လျက်ရှိသည့် အသင်းအဖွဲ့များ တိုးတက်ရာတိုးတက်ကြောင်းကို တာဝန်သိသိ စောင့်ရှောက်ပါဟု မှာကြားလိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ကုန်သည်/စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများ၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းရှင်များ၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကြည့်ရှုစစ်ဆေး

တွေ့ဆုံပွဲအခမ်းအနား မစတင်မီ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဆွေးနွေးပွဲခန်းမရှေ့၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၏ ပြည်ပပို့ကုန်သစ်သီးဝလံများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးရေးဌာနက စမ်းသပ်တီထွင်ထုတ်လုပ်ထားသော စားသောက်ကုန်များ၊ Sun Tree Agricultural Produce Trading Co.,Ltd. ၏ ပြည်ပသို့တင်ပို့လျက်ရှိသော သစ်သီးဝလံများ၊ Shwe Mi Industrial Co., Ltd. ၏ ကုန်ချောထုပ်ပိုးပစ္စည်းများ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းက ထုတ်လုပ်သော ဆန်နှင့် ဆန်ထွက်ပစ္စည်း အခြေခံစားသောက်ကုန်များ၊ ပဲနှင့် ပဲထွက်ပစ္စည်း အခြေခံစားသောက်ကုန်များ၊ ဂျုံနှင့် ဂျုံထွက်ပစ္စည်း အခြေခံစားသောက်ကုန်များ၊ ဆီနှင့် ဆီထွက်ပစ္စည်း အခြေခံ စားသောက်ကုန်များ၊ သကြားနှင့် ကြံသကာ အခြေခံစားသောက်ကုန်များ၊ စားဖိုဆောင်သုံးသီးနှံ အခြေခံစားသောက်ကုန် နမူနာများကိုလည်းကောင်း၊ လုပ်ငန်းရှင်များထုတ်လုပ်သော အချိုရည်မျိုးစုံ၊ အခြေခံစားသောက်ကုန်များ၊ မုန့်ဖုတ်လုပ်ငန်း အခြေခံစားသောက်ကုန်များ၊ ကော်ဖီ၊ လက်ဖက်၊ ချိုချဉ်နှင့် သားရေစာ၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံ အခြေခံစားသောက်ကုန်များကို လည်းကောင်း၊ နေ့စဉ် ပြည်တွင်းပြည်ပ သီးနှံဈေးနှုန်းများ၊ ကုန်သွယ်မှုနှင့် သက်ဆိုင်သော ပြည်တွင်း ပြည်ပသတင်းများ ရုပ်မြင်သံကြားဖြင့် ပြသထားမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ဒါယကာကျင့်ဝတ် ငါးပါးအား မှတ်သားလွယ်ကူစေရန်အတွက် သင်္ဂဇာဆရာတော်က လင်္ကာဖွဲ့၍ ထားရှိသည်မှာ–

မေတ္တာစိတ်သက်
ဆောင်ရွက်ချစ်ခင်
ခင်မင်နှုတ်ချို
လိုလျှင်ဖိတ်ထား
တတ်အားလှူစေ
ဝတ်ငါးထွေ ပြုလေဒါယကာ။

မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် သာသနာတော်အဓွန့်ရှည်ရန် အတွက် သံဃာ့အဖွဲ့အစည်းကြီးကို အလေးထား ပြုစုပျိုးထောင်ခဲ့ကြောင်း ထင်ရှားသည့် သာဓကတစ်ခုမှာ မိထွေးတော်ဂေါတမီသည် မြတ်စွာ ဘုရားအား လှူဒါန်းရန် ရည်စူး၍ ရွှေကြာသင်္ကန်းကို ကိုယ်တိုင်ရက်လုပ်ပြီး မြတ်စွာဘုရားအား ဆက်ကပ်ရန် လျှောက်ထားသည့်အခါ မြတ်စွာဘုရားက မိန့်ကြားသည်မှာ **"ချစ်သမီးဂေါတမီ ငါဘုရားအား လှူဒါန်းခြင်းထက် သံဃိကသံဃာတော်များအား လှူဒါန်းခြင်းက ပိုမိုအကျိုးစီးပွား ပွားများအပ်ပေသည်"**ဟု မိန့်ကြားတော်မူခဲ့ပါသည်။

မြတ်စွာဘုရား၏ သာသနာတော်ကို အရှည်ခံ့၍ တည်တံ့ရန်မှာ မြတ်စွာဘုရားဟောကြားတော်မူသော တရားတော်များကို ပရိယတ္တိစာပေဖြင့် ထိန်းသိမ်းခြင်းသည် ပိုမိုအဓွန့်ရှည်ကြာစေပါသည်။ ပရိယတ္တိကို ကြိုးစားအားထုတ်မည့်ပုဂ္ဂိုလ်များမှာ သံဃာတော်များဖြစ်ခြင်းကြောင့် သံဃာတော်များအား ဆည်းကပ်ကိုးကွယ် ချီးမြှောက်ခြင်းသည် မြတ်ဗုဒ္ဓ၏သာသနာကို အဓွန့်ရှည်ကြာအောင် ပြုစုစောင့်ရှောက်ခြင်းမည်သည့်အတွက် ကုသိုလ်တရား လွန်စွာများပြားလှပါသည်။

အချို့သောနိုင်ငံတို့တွင် ပဋိပတ္တိအကျင့်တရား အားထုတ်သူများ ရှိခဲ့သဖြင့် ရှေးယခင်က ဈာန်တန်ခိုးအဘိညာဉ်ရရှိသူ အများအပြား ရှိခဲ့သော်လည်း ပရိယတ္တိစာပေနှင့် သံဃာတော်ကို အားပေးချီးမြှောက်သူ တဖြည်းဖြည်း လျော့နည်းကျဆင်းလာသဖြင့် ဗုဒ္ဓသာသနာသည် ပျောက်ကွယ်လုမတတ် မှေးမှိန်လာခဲ့ရပါသည်။

မြန်မာနိုင်ငံတွင်မူ ကိုယ်တိုင်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည့် ပဋိပတ္တိအားထုတ်သော ပုဂ္ဂိုလ်များရှိသကဲ့သို့ ဗုဒ္ဓသာသနာတော်ကြီး အရှည်ခံ့၍ တည်တံ့ပြန့်ပွားစေရန်ရည်သန်၍ ပရိယတ္တိသာသနာတော် ကြိုးပမ်းအားထုတ်နေသော သံဃာတော်များကို ပစ္စည်းလေးပါးဖြင့် လိုလေသေးမရှိ လှူဒါန်းပြုစုစောင့်ရှောက်ကြသော ဒါယကာ ဒါယိကာမများ ရှိနေခြင်းကြောင့် မြန်မာနိုင်ငံတွင် ဗုဒ္ဓသာသနာသည် ယခုထက်တိုင် နေလို လလို ထွန်းလင်းတောက်ပနေခြင်း ဖြစ်ပါသည်။ ။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုထံ တနင်္သာရီတိုင်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အတွက် တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ငွေကျပ်သုံးသိန်းပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

▼ ကျောဖုံးမှ

ရှေးဦးစွာ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက အမှာစကားပြောကြားသည်။

အောင်မြင်စွာဖွင့်လှစ်နိုင်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ဤအခမ်းအနားသည် တနင်္သာရီတိုင်းရှိ ကျေးလက်နေပြည်သူများအတွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ပြီးမြောက်အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း အထိမ်းအမှတ် ဖြစ်၍ အသိဉာဏ်၊ ဗဟုသုတ၊ အကြားအမြင်များ ပွင့်လင်းစေသဖြင့် ဗာဟုသစ္စမင်္ဂလာနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါသည် ပြည်သူများ လိုလားတောင့်တနေသော တိုင်းပြည် တည်ငြိမ်အေးချမ်းမှုရရှိစေရန်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒီမိုကရေစီစနစ် ထွန်းကားစေရန်အတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်နေသည့်အချိန်ကာလဖြစ်ကြောင်း။

ဟန်ချက်ညီညီပေါင်းစပ်

ယင်းအချိန်အခါမျိုးတွင် မိမိတို့နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏ ပညာရည်မြင့်မားမှု အသိအမြင် ဗဟုသုတ ပြည့်စုံကြွယ်ဝမှု၊ စစ်မှန်သည့် ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာမှု စွမ်းအားများဖြင့် နိုင်ငံတကာ အဆင့်မီ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု စွမ်းအားတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်ပြီး တစ်မျိုးသားလုံး တက်ညီလက်ညီ အားထုတ်ကြိုးစားကြမှသာ မိမိတို့လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို အောင်အောင်မြင်မြင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားသည့် လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များသည် ကျေးလက်ဒေသများတွင် လူနေမှုအဆင့်အတန်းနိမ့်ကျမှုများ၊ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုများ၊ ခေတ်နောက်ကျမှုများ ကင်းစင်ပြီး ပြည်သူများ လူတန်းစေ့နေထိုင်နိုင်စေရန်ဆိုသည့် မြင့်မားသည့် ရည်မှန်းချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

လေ့လာသင်ယူ

လက်ရှိတိုးတက်နေသည့်ခေတ်ကို မီအောင်လိုက်နိုင်ရန်အတွက် လူတိုင်းလူတိုင်း လေ့လာသင်ယူနေရမည်ဖြစ်ကြောင်း၊ လူတိုင်းအသိပညာ ဗဟုသုတများ ကြွယ်ဝနေရမည်ဖြစ်ကြောင်း၊ တစ်နည်းလူသားစွမ်းရည်အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်နေရမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် အမျိုးသား ပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်နေကြောင်း၊ ကျောင်းတွင်းပညာရေးသာမက စာတတ်သူတိုင်း စာဖတ်နိုင်အောင် လူအများစုနေထိုင်ရာဖြစ်သည့် ကျေးရွာများ၌လည်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ စာပေဖတ်ရှုခြင်းဖြင့် လူကိုနူးညံ့ယဉ်ကျေးစေခြင်း၊ အတွေးအခေါ်မြင့်မားစေခြင်း၊ လူလူချင်းနားလည်စာနာတတ်အောင်သိမြင်စေခြင်းစသည့် အကျိုးကျေးဇူးများလည်း ရလာမည်ဖြစ်သောကြောင့်

- **မှတ်ဖွယ်မှတ်ရာ စာအုပ်စာပေများကို အစဉ်လေ့လာဖတ်ရှုကြပါ။**
- **ကိုယ့်အားကိုယ်ကိုးပြီး ထူထောင်ဖွင့်လှစ်ထားသည့်ကျေးရွာစာကြည့်တိုက်များကို ရေရှည် ခိုင်မြဲရေးအတွက် အမျိုးသားအသိစိတ်ဓာတ်ဖြင့်ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ကြပါရန်**

မှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အလှူရှင်များက အလှူငွေ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ ကက်ဆက်နှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုထံ တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးနှင့် ဇနီး ဒေါ်ခင်သန်းဌေး မိသားစုက လှူဒါန်းသော အလှူငွေကျပ် ငါးသိန်း၊တနင်္သာရီတိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသည့် ငွေကျပ်သုံးသိန်းနှင့် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းသည့် ငွေကျပ် သုံးသိန်းတို့ကို ပေးအပ်ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုလွှာပေးအပ်

ဆက်လက်၍ တိုင်းမှူးက မြိတ်ခရိုင်မှ လှူဒါန်းသည့် ရုပ်မြင်သံကြား၊ ကက်ဆက်နှင့် ရေဒီယိုအလုံး ၂၀စီ၊ စာအုပ်စာစောင်မျိုးစုံ စောင်ရေ ၁၆၀၀ နှင့် ငွေပဒေသာပင် ၁၆သိန်း၊ ထားဝယ်ခရိုင်မှ လှူဒါန်းသည့် ရုပ်မြင်သံကြားနှင့် ရေဒီယိုအလုံး၂၀စီ၊ ကော့သောင်းခရိုင်မှ လှူဒါန်းသည့် ရုပ်မြင်သံကြား ၁၅လုံး၊ ရေဒီယို ကက်ဆက်၁၀လုံး၊ မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံစောင်ရေ ၇၀၀နှင့် ငွေပဒေသာပင်ကိုးသိန်းခွဲတို့ကိုလည်းကောင်း၊ မြိတ်တက္ကသိုလ်က လှူဒါန်းသည့် ငွေကျပ်တစ်သိန်း၊တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနက လှူဒါန်းသည့် ငွေကျပ်တစ်သိန်းခွဲ၊ တနင်္သာရီတိုင်း ပြည်တွင်းအခွန်များ ဦးစီးဌာနက လှူဒါန်းသည့် ငွေကျပ်တစ်သိန်းခွဲ၊ ပြည့်ဖြိုးထွန်း အင်တာနေရှင်နယ် ကုမ္ပဏီ၊ အဏ္ဏဝါစိုးကုမ္ပဏီ၊ အိုကေ ဆန်ရောင်းဝယ်ရေးမှ ဦးမောင်ထွေးဝေ နှင့် သီတာကုမ္ပဏီတို့မှ လှူဒါန်းသည့် ငွေကျပ်ငါးသိန်းစီ၊ ထူးထူးတိုး ကုမ္ပဏီ နှင့် ဧရာနဒီကုမ္ပဏီတို့က လှူဒါန်းသည့် ငွေကျပ်သုံးသိန်းစီ၊ ဦးအောင်ဝင်း (ထားဝယ်)နှင့် Looking Forward Co. တို့က လှူဒါန်းသည့်ငွေကျပ် နှစ်သိန်းစီ၊ မြိတ်မြို့ ဆန်ကုန်သည်များအသင်း၊ ဖိုးလမင်းကုမ္ပဏီ၊ ကြယ်စင်ကုမ္ပဏီနှင့် မြိတ်မြို့ သဲကျောက်လုပ်ငန်းရှင်များ လှူဒါန်းသည့် ငွေကျပ်တစ်သိန်းစီနှင့် မြိတ်မြို့ ဌာနဆိုင်ရာများက လှူဒါန်းသည့် ငွေကျပ် ငါးသောင်းတို့ကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးက အလှူရှင်များ လှူဒါန်းသော ရုပ်မြင်သံကြား၊ ကက်ဆက်၊ ရေဒီယိုနှင့် စာအုပ် စာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တနင်္သာရီတိုင်း လက်ထောက် ညွှန်ကြားရေးမှူး ဦးကြည်ထံ လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်းမှုအစုစု

ယခုအခမ်းအနားတွင်အလှူရှင်များ၏ လှူဒါန်းမှုအစုစုမှာ ရုပ်မြင်သံကြား ၅၅လုံး၊ ကက်ဆက်အလုံး ၂၀၊ ရေဒီယိုကက်ဆက်၁၀လုံး၊ ရေဒီယိုအလုံး၂၀၊ စာအုပ်စာစောင် စုစုပေါင်း ၂၃၀၀ နှင့် အလှူငွေကျပ် ၆၁သိန်းဖြစ်ပြီး ပစ္စည်းတန်ဖိုးမှာ ကျပ် ၇၃ သိန်း ငါးသောင်း စုစုပေါင်းငွေကျပ် ၁၃၄သိန်း ငါးသောင်း ဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းအတွင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူရှင်များ၏ လှူဒါန်းမှုမှာ ယခင်လှူဒါန်းပြီး စုစုပေါင်းတန်ဖိုးသည် ငွေကျပ် ၅၉၅သိန်း သုံးသောင်းဖြစ်ပြီး ယခုလှူဒါန်းမှု အပါအဝင် လှူဒါန်းမှုအစုစု တန်ဖိုးမှာ ငွေကျပ် ၇၂၉ သိန်း ရှစ်သောင်းရှိပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရှက်ဗ်ချင်ကိုနှင့် မိုက်ကယ်ဘောလက် တစ်ဂိုးစီသွင်းပြီး ချယ်လ်ဆီးကိုထိပ်ဆုံးပို့

သတင်းမြင်ကွင်း – မြင့်နိုး

လန်ဒန် အောက်တိုဘာ ၂၁

ပရီမီယာလိဂ်ပွဲစဉ်(၉)အဖြစ် အောက်တိုဘာ ၂၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ လက်ရှိချန်ပီယံချယ်လ်ဆီးက အိမ်ကွင်း၌ ပို့စ်မောက်အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး တန်းစီဇယားထိပ်ဆုံးနေရာသို့ ရောက်ရှိလာသည်။

ချယ်လ်ဆီးအသင်းအတွက် အနိုင်ဂိုးများကို နွေရာသီက ခေါ်ယူခဲ့သော ရှက်ဗ်ချင်ကိုနှင့် မိုက်ကယ်ဘောလက်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ရှက်ဗ်ချင်ကိုသည် ပွဲချိန် ၅၅မိနစ်တွင် လမ်းပတ်ဖြတ်ပို့သော ဘောလုံးမှတစ်ဆင့် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယင်းဂိုးသွင်းပြီး နှစ်မိနစ်အကြာတွင် မိုက်ကယ်ဘောလက်က ဒုတိယမြောက်ဂိုးသွင်းယူပေးခဲ့သည်။ ထို့နောက် ဒရော့ဘာ ခေါင်းတိုက်သွင်းယူရာ၌ လွဲချော်သွားခဲ့သည်။

သို့သော်လည်း ဘင်ဂျာနီက ပွဲချိန်၆၉ မိနစ်တွင် ပို့စ်မောက်အသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည်။ ချယ်လ်ဆီးအသင်းသည် ပွဲအစမှ ပွဲပြီးသည်အထိ ပို့စ်မောက်အသင်းကို ဖိကစားနိုင်ခဲ့သည်။

ပွဲချိန်၇၆မိနစ်တွင် ရှက်ဗ်ချင်ကို အစား မက်ခီလီလီဝင်ကစားခဲ့ရာ အာဂျင် ရော့ဘင်နှင့် အတိုင်အဖောက်ညီညီကစားပြီး ဂိုးသွင်းယူခဲ့ရာ ပို့စ်မောက်ဂိုးသမား ဒေးဗစ်ဂျိမ်းစ် ကာကွယ်ပေးနိုင်ခဲ့သည်။ ဒေးဗစ်ဂျိမ်းစ်သည် ရှက်ဗ်ချင်ကို အဝေးမှ လှမ်းကန်သောဘောလုံးကိုလည်း ဒိုင်ဗင်ထိုး ကာကွယ်ပေးနိုင်ခဲ့သည်။

ပွဲအစတွင် ပို့စ်မောက်တိုက်စစ်မှူး ကနူးဂိုးသွင်းရန် ကြိုးစားသော်လည်း အခွင့်အလမ်းမရခဲ့ပေ။ ချယ်လ်ဆီး ကွင်းလယ်ကစားသမား မိုက်ကယ်အက်ဆီယန်က ကနူး၏ထိုးဖောက်မှုကို ဟန့်တားနိုင်ခဲ့သည်။

မော်ရင်ဟိုပြောစကား

ပွဲအပြီး ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ပြောကြားရာတွင် **မိမိတို့ယခုပွဲတွင် ခက်ခဲစွာကစားခဲ့ရကြောင်း၊ ပို့စ်မောက်အသင်းသည် အသင်းကောင်းတစ်သင်းဖြစ်ကြောင်း၊ ပို့စ်မောက်အသင်း၏ကစားပုံမှာ ပို၍ကောင်းလာကြောင်း** ပြောကြားသည်။

မိမိတို့အသင်းသည် အခွင့်အလမ်းများစွာရခဲ့ကြောင်း၊ ဒေးဗစ်ဂျိမ်းစ်သည် ထူးချွန်သော ဂိုးသမားဖြစ်ကြောင်း၊ သို့သော်လည်း ချယ်လ်ဆီးတို့ အောင်ပွဲဆင်နိုင်ခဲ့ကြောင်းဖြင့်လည်း ၎င်းက ဆက်လက်ပြောကြားသည်။

အခြားပွဲရလဒ်များ

ဝီဂန်	**၄–၀**	**မန်စီးတီး**
ချာလ်တန်	**၀–၀**	**ဝက်ဖို့ဒ်**
အဲဗာတန်	**၂–၀**	**ရှက်ဖီး။**

(ကိုးကား–အင်တာနက်)

ပို့စ်မောက်အသင်းကို အနိုင်ရပြီး ရှက်ဗ်ချင်ကို (လယ်) **ရော့ဘင်နှင့် လမ်းပတ်တို့ ဤသို့အောင်ပွဲခံ ပျော်မြူးကြသည်။** (ဓာတ်ပုံ–အင်တာနက်)

ဝိပဿနာ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၂၁

ရွှေပြည်သာမြို့နယ် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့က ကြီးမှူးလျက် မဟာသံ့သာရဆရာတော် ဦးကုမာရ၏ မေတ္တာရိပ်ကို ခိုလှုံ၍ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဝဏ္ဏိတနှင့် ကမ္မဋ္ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)တို့ ဦးဆောင်သော မြန်မာလဆန်း ၈ ရက်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၇၃)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာခုနစ်ရက်တရားစခန်းကို အုတ်ဖိုစုရပ် မြသိန်းတန်ကျောင်းတိုက်ရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာဓမ္မရိပ်သာ၌ အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၆၁၀၈၇၉၊ ၆၁၀၇၁၃၊ ၆၁၀၈၉၃ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့်နေ့တွင် နံနက် ၇ နာရီထက် နောက်မကျစေဘဲ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များယူဆောင်ပြီး လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က–ပ)**

ရွှေရင်အေးစပါးကို ခေတ်မီနည်းပညာများအသုံးပြုစိုက်ပျိုး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် အောက်တိုဘာ ၂၁

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ၁၆ရက်က တောင်ကြီး-ပင်လောင်း ကားလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲယာ၌ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများနှင့် ရာသီ သီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နောင်တရားမြို့နယ် တီကျစ်ကျေးရွာအုပ်စုရှိ မိုးစပါးဧက ၅၀ စံပြစိုက်ခင်းသို့ ရောက်ရှိသည်။

လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးသည် စံပြစိုက်ခင်း၌ ပင်လောင်းနှင့် နောင်တရားမြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မိုးစပါးစိုက် တောင်သူများအား တွေ့ဆုံရာ တာဝန်ရှိသူများက ဒေသတွင်း မိုးစပါးစိုက်ပျိုး ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက မိုးစပါးစံပြစိုက်ကွင်းအဖြစ် ရွှေရင်အေးစပါးမျိုးကို ခေတ်မီစိုက်ပျိုးနည်းပညာများအသုံးပြု စိုက်ပျိုးကြခြင်းကြောင့် အထွက်နှုန်းတိုးမြင့်ရရှိမည့်အခြေအနေနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်း ဆောင်ရွက်ပေးကာ မိုးစပါး ဧက ၅၀ စံပြစိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

တောင်ကြီးခရိုင် နောင်တရားမြို့နယ်သည် ၂၀၀၆-၂၀၀၇ခုနှစ်တွင် မိုးစပါးစိုက်ပျိုးရန် ၁၉၀၇၉ဧက လျာထားရာ ၁၉၀၈၅ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

မှာကြားဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် တိုင်းမှူးသည် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း မိုးဗြဲရေလှောင်တမံသို့ ရောက်ရှိရာ ဘီလူးချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ စက်ရုံမှူးကြီး ဦးတင်မောင်ဝင်းနှင့် မိုးဗြဲရေလှောင်ကန် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်အေးတို့က မိုးဗြဲရေလှောင်တမံ ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် အကျယ် ၂၁ပေ၊ အမြင့် ၂၃ပေရှိ Redial Gate အမျိုးအစား ရေတံခါးလေးခုဖြင့် ရေထုတ်ပေးနေမှု၊ လက်ဝဲလက်ယာ တူးမြောင်းများမှ စိုက်ပျိုးရေပေးဝေနေမှု၊ တာတမံရေဝင်ရေထွက်နှင့် ရေသိုလှောင်ထားရှိနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက တမံနှင့်ရေထုတ်တံခါးများ အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဒေသဖွံ့ဖြိုးရေးအကျိုးပြု

မိုးဗြဲရေလှောင်တမံသည် အလျားပေ ၈၀၀၀၊ အမြင့်ပေ ၆၀ ရှိ၍ တမံ၏ အမြင့်ဆုံး ရေသိုလှောင်နိုင်မှုမှာ ဧကပေ ၆၈၇၀၀၀ဖြစ်ပြီး ယခု အောက်တိုဘာလအထိ ရေဝင်ရောက်မှုမှာ ၄၈၂၄ကျူးဆက်ဖြစ်၍ ရေထုတ်ပမာဏမှာ ၂၆၄၉ကျူးဆက် ဖြစ်ကြောင်း၊ မိုးဗြဲရေလှောင်တမံသည် လောပိတရေအားလျှပ်စစ် ဖြန့်ဝေရေးအတွက် လိုအပ်သော ရေပမာဏကို နေ့စဉ်ပို့လွှတ်ပေးလျက်ရှိပြီး စိုက်ပျိုးမြေ ၁၉၈၄၂ဧကအတွက် စိုက်ပျိုးရေ ပုံမှန်ဖြန့်ဝေပေးနိုင်သည့် ဒေသ ဖွံ့ဖြိုးရေးအကျိုးပြု ဆည်တမံတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ညပိုင်းတွင် တိုင်းမှူးသည် မိုးဗြဲမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ စံပြရွှေငါးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးအာဝါးမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးနှင့် ပစ္စည်းလေးပါးဆွမ်း ပဒေသာပင်အတွက် အလှူတော်ငွေကျပ် နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည် ရွှေဆံတော်စေတီတော် ဗုဒ္ဓပူဇနိယပွဲနှင့် မြတ်စွယ်တော် လှည့်လည်အပူဇော်ခံရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် အောက်တိုဘာ ၂၁

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယ(တန်ဆောင်တိုင်)ပွဲတော်နှင့် (၁၀၇)နှစ်ပြည့် ပြည်မြတ်စွယ်တော်အား မြို့တွင်းသို့ ဒေသစာရီ လှည့်လည်အပူဇော်ခံပွဲကို အောက်တိုဘာ ၂၈ရက်မှ နိုဝင်ဘာ ၆ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ဒုတိယအကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၇ရက်က ရွှေဆံတော်ရင်ပြင်ရှိ ကျားပုံမွှာရုံ၌ကျင်းပရာ **(အောက်ပုံ)** ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိန်မြင့်က အမှာစကားပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ပွဲတော်ကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆပ်ကော်မတီဝင်များက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သုညတခမ္မကျောင်းတိုက် ဘုံကထိန်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက်ဇိနမာရ်အောင်စေတီတော်ကြီး၏ မြောက်ဘက်မုခ်အနီးရှိ သုညတခမ္မကျောင်းတိုက်တွင် သီတင်းသုံး ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်များနှင့် ပင့်သံဃာတော်များအား အောက်တိုဘာ၂၂ရက် နံနက်တွင် အလှူရှင်ဦးအေးကြည်-ဒေါ်တိုးတိုးမိသားစုက ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပြီး စေတနာရှင်အလှူရှင်များက နေ့ဆွမ်းနှင့် နဝကမ္မအလှူငွေတို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် သိမ်ကုန်းကျောင်းတိုက်၌ ပုရိမဝါကပ်တော်မူကြသောစာချ၊စာသင်သံဃာတော်အရှင်မြတ်၁၂၀ တို့အား ‘ဧ’ ဓမ္မာရုံ စောင့်ရှောက်ရေးနှင့် ရဟန်းခံရှင်ပြုအဖွဲ့ကကြီးမှူး၍ (၁၈)ကြိမ်မြောက် မဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲကို တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ရွာမရပ်ကွက် ‘ဧ’ ဓမ္မာရုံတွင် တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၄ ရက်)စနေနေ့ နံနက် ၁၀ နာရီတွင် ကျင်းပမည် ဖြစ်ရာ ‘ဧ’ ဓမ္မာရုံသို့ ကြွရောက် လှူဒါန်းကြပါရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်၊ စနေနေ့

ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန

သာကေတမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၆/၂၀၀၇ ပညာသင်နှစ် စေတနာညကျောင်း ဖွင့်လှစ်ခြင်းနှင့် ၂၀၀၆ ခုနှစ် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၃ ရက်က မြို့နယ်အသင်းရုံးခန်း၌ ကျင်းပရာ ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများအား ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ဆုချီးမြှင့်စဉ်။ (၃၀၂)

ကထိန်အလှူတော်နှင့် သိက္ခာထပ်မင်္ဂလာကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မဲပလီကျေးရွာအုပ်စု အောင်သိဒ္ဓိကျောင်းတိုက်၏ နှစ်စဉ်ကျင်းပအပ်သော စုပေါင်းမဟာဘုံကထိန် ပွဲတော်ကို တန်ဆောင် မုန်းလဆန်း ၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယင်းနေ့ နံနက်တွင် သွေးဆေးကန် အရှင်နန္ဒာစရိယ (ခက်သင်) (ဂဏဝါစကဓမ္မာစရိယ၊ သာသနဓဇ ဓမ္မာစရိယ)အား မိဘများ အမှူးထား၍ တရုတ်စုရွာနေ ဦးတိုင်းရ-ဒေါ်လှမြိုင် မိသားစုတို့က သိက္ခာထပ်မင်္ဂလာကျင်းပပြီး နေ့လယ်ပိုင်းတွင် သွေးဆေးကန်အရှင်နန္ဒာစရိယ(ခက်သင်) (ဂဏဝါစက ဓမ္မာစရိယ၊ သာသနဓဇ ဓမ္မာစရိယ)က သစ္စာတရားအနုမောဒနာတရားတော်များ ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အမ္ဘာရာမကျောင်းတိုက် မဟာဘုံကထိန်

ရန်ကုန် အောက်တိုဘာ ၂၁

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်း အမှတ်(၄၆) အမ္ဘာရာမဝိပဿနာကျောင်းတိုက်၏ စုပေါင်းမဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲကို တန်ဆောင်မုန်းလပြည့်(နိုဝင်ဘာ၄ရက်) စနေနေ့တွင် ကျောင်းတိုက်၏ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ပန်းလှိုင်အိမ်ရာတိုက်၁၁၊အခန်း၂၁နေ ဦးမြဇင်-ဒေါ်ခင်၊ သမီး မသန္တာဇင်၊ မနီလာဇင်၊ မယုယုဇင်၊ မအေးခိုင်ခိုင်ဇင် မိသားစုတို့က ဦးဆောင်ကျင်းပမည်ဖြစ်သည်။

ကထိန်သင်္ကန်းကပ်လှူပွဲ အခမ်းအနားတွင် ရွှေတောင်မြို့ အမ္ဘာရာမကျောင်းတိုက် (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဘဒ္ဒန္တ ဂန္ဓသာရ ဆရာတော်ကြီးက နိဗ္ဗာန်ရောက်ကြောင်း တရားချီးမြှင့်မည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာဒါယိကာမများအား ဖိတ်ကြားနှိုးဆော်ထားသည်။ **(က-ပ)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၉ ရက်က ထောင်တလုပ် ရပ်ကွက် သရဖီ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ရှေ့တွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်ယဉ်ယဉ်သွယ်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဒေါ်ညွန့်ညွန့်အား ရည်စူး၍ တိုက်-၄ အခန်း-၄ ဆောင်းဟေမန်အိမ်ရာ ၃၀ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ သား ခင်မောင်ဝင်း၊ သမီး အေးအေးဝင်း၊ ဥမ္မာဝင်းမိသားစုက ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင်ကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးဘဉာဏ် လက်ခံယူစဉ်။ (က-ပ)

ကမ္ဘာတစ်လွှား အားကစား

ဂိုးသမားဘတ်ဖွန်းအား ချယ်လ်ဆီးကမ်းလှမ်းသော်လည်း အီတလီ ဂျူဗင်းတပ်စ်အသင်းမှ မထွက်ခွာဟုဆို

ရေးသားတင်ပြသူ - မြင့်မောင်စိုး

လန်ဒန် အောက်တိုဘာ ၂၁

ကမ္ဘာ့ဖလား အနိုင်ရဗိုလ်စွဲခဲ့သော အီတလီဂိုးသမား ဘတ်ဖွန်းသည် ဇန်နဝါရီလတွင် ချယ်လ်ဆီးအသင်းအတွက် ဂျူဗင်းတပ်စ်အသင်းမှ ထွက်ခွာလိမ့်မည်မဟုတ်ကြောင်း ၎င်း၏ အေးဂျင့်က ပြောကြားလိုက်သည်။

ဆက်သွယ်

အသက် ၂၈နှစ်ရှိ အဆိုပါ ဂိုးသမားအား ချယ်လ်ဆီး ဂိုးသမား ပီတာဆက်ချ် ခေါင်းဒဏ်ရာရရှိခဲ့ပြီးနောက် ချယ်လ်ဆီးက ဆက်သွယ်ခဲ့သည်။

ဂုဏ်ယူ

သို့သော်လည်း ချယ်လ်ဆီးလို အသင်းက ဘတ်ဖွန်းအား ကမ်းလှမ်းချက်ကို ဂုဏ်ယူပါကြောင်း ဘတ်ဖွန်း၏ အေးဂျင့် ဆယ်ဗန်နိုမာတင်က ပြောကြားသည်။

သို့သော်လည်း ဘတ်ဖွန်းသည် ဇန်နဝါရီလတွင် တူရင်မှ ထွက်ခွာလိမ့်မည်မဟုတ်ဟု ဆိုသည်။

အီတလီဂိုးသမား ဘတ်ဖွန်း။

ဆက်နေ

ဘတ်ဖွန်းသည် လုပ်ပွဲကစားမှုကြောင့် စီးရီးဘီသို့ဆင်းခဲ့ရသော်လည်း ဂျူဗင်းတပ်စ်၌သာဆက်နေရန် ဆုံးဖြတ်ခဲ့သူဖြစ်သည်။

၎င်းသည် ၂၀၀၁ ခုနှစ်က ပါးမားမှ ဂျူဗင်းတပ်စ်သို့ ကမ္ဘာ့ပြောင်းရွှေ့ကြေး အများဆုံး ဂိုးသမားအဖြစ် ပေါင် ၃၅ဒသမ၅သန်းဖြင့် ပြောင်းရွှေ့လာခဲ့သည်။ **(အင်တာနက်)**

အက်စ်တွန်ဗီလာအသင်း၏ကွင်းအမည် ရောင်းချမည်ဟု ဆိုသည်မှာ မဟုတ်မမှန်

လန်ဒန် အောက်တိုဘာ ၂၁

အက်စ်တွန်ဗီလာအသင်း၏ ကွင်းအမည်ကို ရောင်းချရန် ပိုင်ရှင်သစ် ရန်ဒီလာနာက စီစဉ်နေသည်ဟု ဆိုခြင်းကို အက်စ်တွန်ဗီလာက ငြင်းဆိုလိုက်သည်။

ထုတ်ပြန်

အက်စ်တွန်ဗီလာအသင်း၏ ကွင်းအမည် ဗီလာပတ်ခ်ကို ရောင်းချလိမ့်မည်မဟုတ်ကြောင်း၊ အသင်း၏ သမိုင်းကို ဆက်လက် ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ၎င်းကလပ်က ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

ရောင်းချလိမ့်မည်

အဆိုပါ ကောလာဟလမှာ မဟုတ်မှန်ကြောင်း ဗီလာ၏ ပြောခွင့်ရပုဂ္ဂိုလ် ဖေးလ်မီဖန်က ပြောကြားသည်။ အမေရိကန်သူဌေးက အက်စ်တွန်ဗီလာအသင်း၏ အနာဂတ်အစီအစဉ် တစ်စိတ်တစ်ဒေသအဖြစ် ရပိုင်ခွင့်များကို ရောင်းချလိမ့်မည်ဟု လာနာ၏ နီးစပ်ရာသတင်းရပ်ကွက်တစ်ခုက ထုတ်ဖော်ပြောကြားခဲ့သည်။

လွှဲပြောင်းယူ

လာနာသည် စက်တင်ဘာ ၁၉ရက်က ဗီလာအသင်း၏ ဥက္ကဋ္ဌသစ် ဖြစ်လာခဲ့သည်။ ၎င်းသည် ဗီလာပတ်ခ်ကို ဒေါ့ဂ်ျအဲလစ်ထံမှ လွှဲပြောင်းယူခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဗီလာပတ်ခ် ဘောလုံးကွင်း။

ဝေလမှ ကမ္ဘာ့လက်ဝှေ့ချန်ပီယံနှစ်ဦး ထပ်ဆင့်ချန်ပီယံဆုများအတွက်ယှဉ်ပြိုင်ရန် နယူးယောက်သို့ထွက်ခွာ

စုစည်းတင်ပြသူ- မောင်မောင်မြင့်ဆွေ

လန်ဒန် အောက်တိုဘာ ၂၁

ဝေလမှ ကမ္ဘာ့လက်ဝှေ့ချန်ပီယံများ ဖြစ်ကြသည့် ဂျိုးကယ်ဇာချီနှင့် အင်ဂိုမက်ကာရင်နယ်လီတို့သည် ပြိုင်ဘက်များနှင့် ထိုးသတ်ရန် နယူးယောက်မြို့သို့ အောက်တိုဘာ ၂၁ရက်က ထွက်ခွာသွားကြသည်။

ယင်းတို့နှစ်ဦးသည် အောက်တိုဘာ၂၄ ရက်၌ နယူးယောက်တွင် မီဒီယာများနှင့် တွေ့ဆုံကြမည်ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် အမေရိကန်မြေတွင် အနာဂတ်အတွက် အလားအလာများရရှိမည့် အခွင့်အလမ်းကောင်းပင် ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ ဖရန့်ဝါရင်က ပြောကြားသည်။

ဝေလမှ ကမ္ဘာ့လက်ဝှေ့ချန်ပီယံ ကယ်ဇာချီနှင့် မက်ကာရင်နယ်လီ။

ထိုးသတ်ဖွယ်

ဒဗလျူဘီအိုနှင့် အိုင်ဘီအက်ဖ်ချန်ပီယံ ကယ်ဇာချီသည် ဒဗလျူဘီအေနှင့် ဒဗလျူဘီစီချန်ပီယံ ကက်ဆလာနှင့် ထိုးသတ်ရန်ဖြစ်နိုင်ကြောင်း၊ ယင်းတို့နှစ်ဦးသည် ဖေဖော်ဝါရီ သို့မဟုတ် မတ်လတွင် ထောင်စုနှစ်ကွင်းကြီး၌ ထိုးသတ်ရန် ဖြစ်လာနိုင်ကြောင်း ပြိုင်ပွဲသွင်းသူ ဝါရင်က ပြောကြားသည်။

ဒဗလျူဘီအို ခရူဆာဝိတ်တန်း ချန်ပီယံ မက်ကာရင်နယ်လီသည် ဒဗလျူဘီစီနှင့် ဒဗလျူဘီအေ ခါးပတ်ပိုင်ရှင် အိုနေးဘဲလ်နှင့် ထိုးသတ်ဖွယ်ရှိသည်။ **(အင်တာနက်)**

ကမ္ဘာ့ကျွမ်းဘားအားကစားပြိုင်ပွဲ၌ တီဝက်ဒယ် ဗိုလ်စွဲ

အာဟွတ်(စပိန်) အောက်တိုဘာ ၂၁

ဒိန်းမတ်နိုင်ငံ အာဟွတ်မြို့၌ ကျင်းပလျက်ရှိသော ကမ္ဘာ့ကျွမ်းဘားချန်ပီယံပြိုင်ပွဲတွင် ဘတ်တီဝက်ဒယ်ဆိုသော

ကမ္ဘာ့ကျွမ်းဘားချန်ပီယံ တီဝက်ဒယ်။

ကျွမ်းဘားမယ်သည် ဗြိတိန်နိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ် ဆွတ်ခူးပေးလိုက်သည်။

ဆွတ်ခူးရရှိ

အသက် ၂၁နှစ်ရှိ အဆိုပါကျွမ်းဘားမယ်သည် လက်ရှိ ချန်ပီယံ အနာစတာစီယာရှုကင်းကို ကျော်ဖြတ်၍ ကမ္ဘာ့ ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ရွှေတံဆိပ်

တီဝက်ဒယ်သည် အဆိုပါကျွမ်းဘားပြိုင်ပွဲ၌ ၁၆ဒသမ ၂၀၀မှတ်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ရှုကင်းက ၁၆ဒသမ၀၅၀မှတ်ဖြင့် ဒုတိယငွေတံဆိပ်သာ ဆွတ်ခူးနိုင်ခဲ့သည်။ ဖာရာရိက ၁၅ဒသမ ၇၇၅မှတ်ဖြင့် ကြေးတံဆိပ် ရခဲ့ကြောင်း သိရသည်။ တီဝက်ဒယ်သည် ယမန်နှစ် ကမ္ဘာ့ကျွမ်းဘားပြိုင်ပွဲတွင် ကြေးတံဆိပ်သာ ရခဲ့သည်။ **(အင်တာနက်)**

စပိန် မာစတာဖလား တင်းနစ်ပြိုင်ပွဲ ကမ္ဘာ့နံပါတ်နှစ်ကို ချက်လူငယ်ကနိုင်

မက်ဒရစ် အောက်တိုဘာ ၂၁

ချက်နိုင်ငံမှ နံပါတ်တစ်တင်းနစ်ကစားသမား သောမက်ဘာဒင့်ချ်သည် ကမ္ဘာ့နံပါတ်နှစ်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်အား မက်ဒရစ်မာစတာဖလားပြိုင်ပွဲတွင် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီ ဖြစ်သည်။

အနိုင်ရ

အသက် ၂၁နှစ်ရှိ အဆိုပါ ချက်တင်းနစ်ချန်ပီယံသည် စပိန်သား ရာဖေးလ်နာဒယ်အား ၆-၃၊ ၇-၆ ဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

ယင်းအနိုင်ရမှုမှာ ထိုပွဲ၌ ၎င်းအတွက် သုံးပွဲဆက်တိုက် အနိုင်ရခဲ့ခြင်းလည်း ဖြစ်သည်။

ယှဉ်ပြိုင်ကစား

၎င်းသည် အကြိုဗိုလ်လုပွဲတွင် ဆားဘီးယားမှ ဒီဂျိုကိုဗစ်ကို ၇-၅၊ ၅-၇၊ ၇-၅ ဖြင့် အနိုင်ရခဲ့သည့် ချီလီနိုင်ငံသား ဖာနန်ဒိုဂွန်ဇာလက်နှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်ကြောင်း သိရသည်။



ချက်လူငယ်တင်းနစ်ကစားသမား သောမတ်ဘာဒင့်ချ်။

အကြိုဗိုလ်လုမည်

ဒေးဗစ်နယ်ဘန်ဒီယန်သည် ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ရော်ဂျာဖက်ဒဲယားနှင့် အကြိုဗိုလ်လုမည် ဖြစ်သည်။ **(အင်တာနက်)**

အားကစားသတင်းအတိုအထွာ

ရောမ အောက်တိုဘာ ၂၁

- ၂၀၁၆ အိုလံပစ် အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အီတလီလွှတ်တော်က သဘောတူညီလိုက်ပြီဖြစ်သည်။ အီတလီနိုင်ငံသည် ၁၉၆၀ပြည့်နှစ်က အိုလံပစ်အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။
- ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲအဖြစ် ဒေါ့တ်မွန်အသင်းနှင့် ဘိုချန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေဖြစ်သွား၍ ဒေါ့တ်မွန်တို့ ထိပ်ပိုင်းနေရာတက်ရန် အခွင့်အလမ်းနှင့် လွဲခဲ့ရသည်။
- ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် ဇူးရစ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဆွစ်ဇာလန်မှ တိုင်မီယာဘက်ဆင်စကီအား ၆-၄၊ ၆-၃ ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသည်။ သူမသည် အကြိုဗိုလ်ပွဲတွင် ဆလိုဗေးနီးယားမှ ဆရီဘော့နစ်နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။
- အာဂျင်တီးနား တင်းနစ်ကစားသမား ဒေးဗစ်နယ်ဘန်ဒီယမ်သည် မက်ဒရစ်မာစတာဖလား တင်းနစ်ပြိုင်ပွဲတွင် မာရက်ဆာဖင်ကို ၆-၄၊ ၆-၇၊ ၇-၆ဖြင့် နိုင်ပြီး အကြိုဗိုလ်ပွဲသို့ တက်ရောက်လာသည်။
- ဗြိတိန်မှ ဂေါက်သီးကစားသမား ဂျူစတင်ရိုစ်သည် ဝေါ့တ်ဒစ်နီကလပ်ဆစ်ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့တွင် စုစုပေါင်း သတ်မှတ်ရိုက်ချက် ၇၂ချက်တွင် ၁၂ချက်လျှော့ရိုက်ကာ ပြိုင်ဘက်များကို ဦးဆောင်ခဲ့သည်။
- ဝက်စ်ဟမ်းအသင်းသည် ၂၀၁၂ လန်ဒန်အားကစားပြိုင်ပွဲအပြီး အိုလံပစ်ကွင်းသို့ ပြောင်းရွှေ့ရေး စေ့စပ်ဆွေးနွေးနေကြောင်း သိရသည်။ (အင်တာနက်)

ဆက်သွယ်ရေးတပ်ဖွဲ့ စစ်သည်များ အလိုရှိသည်

၁။ ဆက်သွယ်ရေးတပ်ဖွဲ့တွင် အောက်ပါပညာသည် စစ်သည်များအဖြစ် အမှုထမ်းဆောင်ရန် လျှောက်ထားနိုင်သည်–

ပညာသည်	လိုအပ်သည့်ပညာအရည်အချင်း
(က) ကွန်ပျူတာစနစ်သရုပ်ခွဲပညာ (ခ) ကွန်ပျူတာပရိုဂရမ်မာပညာ (ဂ) အီလက်ထရွန်နစ်ပညာ (ဃ) ကွန်ပျူတာအော်ပရေတာ	တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိပြီးသူများ၊ကွန်ပျူတာဒီပလိုမာ၊အေဂျီတီအိုင်(လျှပ်စစ်ဆက်သွယ်ရေး)၊အေဂျီတီအိုင်(လျှပ်စစ်စွမ်းအား)အောင်မြင်ပြီးသူများ။
(င) ရုံးစာရေးပညာ (စ) ဒေတာအော်ပရေတာပညာ (ဆ) ရေဒီယိုအော်ပရေတာပညာ (ဇ) ရေဒီယိုပြင်ပညာ (ဈ) လိုင်းပြင်ပညာ (ည) ဖစ်တာ(ဆက်သွယ်ရေး)ပညာ	စက်မှုလက်မှုအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများ။
(ဋ) လိုင်းမင်း(ဆက်သွယ်ရေး)ပညာ (ဌ) ဆက်သား(ယာဉ်စီး)ပညာ (ဍ) မော်တော်ယာဉ်မောင်းပညာ (ဎ) ယာဉ်မောင်းစက်ပြင်ပညာ	အခြေခံပညာ သတ္တမတန်းနှင့် အထက်အောင်မြင်ပြီးသူများ။

၂။ ရွေးချယ်ခြင်းခံရပါက–

(က) အပိုဒ်(၁) (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) ပညာသည်များသည် သက်ဆိုင်ရာ သင်တန်း အောင်မြင်ပြီးပါက တပ်ကြပ်ကြီးအဆင့် တိုက်ရိုက်ခန့်အပ်မည်။ တပ်ကြပ်ကြီး လုပ်သက်(၃)နှစ်ပြည့်ပြီး အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပါက ဒုအရာခံဗိုလ် ခန့်အပ်ခြင်းခံရမည်ဖြစ်ပြီး ဒုအရာခံဗိုလ်(၃)နှစ်ပြည့်ပြီး အရည်အချင်းစစ်စာမေးပွဲ အောင်မြင်ပါက အရာခံဗိုလ်အဆင့် တိုးမြှင့်ခန့်အပ်ခြင်းခံရမည်။

(ခ) အပိုဒ်(၁) (စ)၊ (ဆ)၊ (ဇ)၊ (ဈ) ပညာသည်အများအနက်မှ အခြေခံပညာအထက်တန်းအောင်မြင်ပြီး သက်ဆိုင်ရာ သင်တန်းများ အောင်မြင်ပြီးပါက ဒုတိယတပ်ကြပ်အဆင့် တိုးမြှင့်ခန့်အပ်မည်။

(ဂ) သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ဗိုလ်လောင်းသင်တန်း ခေါ်ယူသည့်အခါ ဗိုလ်လောင်းသင်တန်း လျှောက်ခွင့်ပြုမည်။

၃။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုမြန်မာနိုင်ငံသား(အမျိုးသား)ဖြစ်ရမည်။

(ခ) အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း ရှိရမည်။

(ဂ) အနည်းဆုံးအရပ် (၅ပေ ၂လက်မ)၊ ရင်အုပ်ဖွင့်လျက် (၃၃) လက်မနှင့် ကိုယ်အလေးချိန် ၁၀၅ပေါင် ရှိရမည်။

(ဃ) စကားအထစ်အငေါ့ ဆွံ့အမှု မရှိစေရ၊ နားမထိုင်းရ၊ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများ ကောင်းရမည်။

၄။ ဝင်ရောက်အမှုထမ်းလိုသူများသည် အောက်ပါစာရွက်စာတမ်းများနှင့်အတူ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး ကာကွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်နှင့် မိမိဒေသရှိ နီးစပ်ရာဆက်သွယ်ရေး တပ်ရင်း/တပ်/တပ်ခွဲတည်ရှိရာ မြို့များတွင် သွားရောက်ဆက်သွယ် စာရင်းပေးသွင်းနိုင်သည်–

(က) နိုင်ငံသားစိစစ်ရေးကတ်(ရှိလျှင်)

(ခ) သက်ဆိုင်ရာ ကျောင်းအောင်လက်မှတ် မူရင်းနှင့်မိတ္တူ (သို့) အောင်မြင်သည့် အတန်း၊ မွေးသက္ကရာဇ် ဖော်ပြထားသည့် ကျောင်းအုပ်ကြီး တံဆိပ်နှင့် ထောက်ခံချက်များ။

(ဂ) မိမိနေထိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းတို့မှ ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်။

ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး။

အမြန်ပြန်လာပါ

ကျွန်တော် ဦးမြင့်နိုင်(ခ)ဦးမောင်မြင့် ၁၂/ရကန(နိုင်) ၀၃၆၆၃၅၏ဇနီးဖြစ်သူ မသင်းသင်းအေး ၁၂/ရကန(နိုင်) ၀၃၆၉၄၁သည် ကျွန်တော်မရှိခိုက် နေအိမ်မှ ရွှေ၊ ငွေနှင့် စိန်များ ယူဆောင်ပြီးဆင်းသွားပါသဖြင့် အမြန်ပြန်လာပါရန်နှင့် ဖြားယောင်းသွေးဆောင်ထားသူများကို ဥပဒေအရ အရေးယူမည်ဖြစ်ပါသည်။ သတင်းပေးသူများအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဦးမြင့်နိုင်(ခ)ဦးမောင်မြင့်
ရွှေကြက်ဖစားသောက်ဆိုင်
၀၉-၅၁-၂၅၁၇၃၊ ၅၇၇၄၇၉။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ပခုက္ကူမြို့နေ
ဦးဟန်ထွန်း(အထွေထွေအုပ်ချုပ်ရေးဦးစီးမှူး၊ ငြိမ်း)–ဒေါ်ခင်မြင့်တို့၏သားဦး
မောင်သိန်းမြင့်ထွန်း B.E (Electronics)
လက်ထောက်အင်ဂျင်နီယာ၊ဟံသာဝတီအိတ်ချိန်း
အော်တိုတယ်လီဖုန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
နှင့်
မြစ်ကြီးနားမြို့နေ
ဒေါက်တာဦးစန်းမြင့်–ဒေါ်သန်းရင်တို့၏သမီးဦး
မသင်းမြင့်သူ B.Com,CPA Part (1)
Diploma in Computer Studies

တို့၏ ၁၁–၁၀–၂၀၀၆ရက်တွင် ရန်ကုန်မြို့ တရားရုံးချုပ်၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော ဦးခင်မြင့် တရားရုံးချုပ် တရားသူကြီးအားလည်းကောင်း၊ ၁၅–၁၀–၂၀၀၆ရက်တွင် Dolphin Restaurant ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဆောင်များပေးပို့ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော နှစ်ဖက်မောင်နှမများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်သိန်းမြင့်ထွန်း–မသင်းမြင့်သူ။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပုလဲအတွဲပေါင်း၁၃၅တွဲရောင်းချရ

ရန်ကုန် အောက်တိုဘာ ၂၁

၂၀၀၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲအစီအစဉ်အရ အောက်တိုဘာ ၁၉ရက်မှ ယနေ့ညနေပိုင်းအထိ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာပြပွဲခန်းမ၌ ပုလဲအတွဲပေါင်း၂၉၁တွဲကို တင်ဒါစနစ်၊ဈေးပြိုင်စနစ်တို့ဖြင့်ရောင်းချခဲ့ရာ ပုလဲအတွဲပေါင်း၁၃၅တွဲကို ပြည်ပရတနာကုန်သည်များ ဝယ်ယူကြသည်။

အောက်တိုဘာ ၂၂ရက်တွင် ကျောက်မျက်အတွဲပေါင်း၄၆၈တွဲကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ကျောက်မျက်ရတနာပြပွဲခန်းမတွင် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။

အောက်တိုဘာ ၂၃ရက်မှ၂၉ ရက်အထိ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲပေါင်း ၄၂၃၇တွဲကို ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် မိမိတို့ဝယ်ယူလိုသော ကျောက်စိမ်းအတွဲများကို စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြပြီး တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

မြောင်းမြမြို့နယ်အသင်း ကထိန်သင်္ကန်းကပ်မည်

ရန်ကုန် အောက်တိုဘာ ၂၁

မြောင်းမြမြို့နယ် အသင်း (ရန်ကုန်)က ဘုံကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို (၂၃)ကြိမ်မြောက်အဖြစ် မြောင်းမြ မြို့နယ်သူ မြို့နယ်သားများနှင့် ဘီအိုစီပိဋကတ်ကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့ဝင်တို့စုပေါင်း၍ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ဘီအိုစီပိဋကတ်တိုက်ကျောင်း၌ အောက်တိုဘာ ၂၉ရက် နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်သည်။

သင်္ကန်းတစ်စုံ ငွေကျပ်၃၀၀၀၊ ဆွမ်း ဝေယျာဝစ္စ ငွေကျပ်၂၀၀၀ သတ်မှတ်ထားရာ လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း–၅၅၈၅၄၃၊ ဒုတိယဥက္ကဋ္ဌများ ဦးမျိုးကြည် ဖုန်း–၀၉–၅၁၂၃၇၂၃၊ ဦးသန့်ဇင် ဖုန်း–၀၉–၈၉–၂၂၁၉၇၊ ဒေါ်သန်းမြင့် ဖုန်း–၅၂၆၁၆၈၊ဒုတိယဗိုလ်မှူးကြီးသက်စိုး(ငြိမ်း) ဖုန်း–၇၀၇၅၁၄၊ အတွင်းရေးမှူး ဦးလှဖေ ဖုန်း–၂၂၁၄၁၉၊ တွဲဖက်အတွင်းရေးမှူးများ ဦးဇော်ထွန်း ဖုန်း–၇၀၉၁၁၄၊ ၀၉–၉၉–၂၆၆၃၀၊ ဦးစန်းရွှေ ဖုန်း–၂၈၂၆၉၃၊ ဘဏ္ဍာရေးမှူး ဦးခင်အောင်တင့် ဖုန်း–၇၀၁၆၆၄ နှင့် ဗိုလ်ကြီးမြတ်ထိုက်(ငြိမ်း) ဖုန်း–၇၀၉၄၁၇၊ ၆၈၃၂၉၄တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ကထိန်ကပ်လှူပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် မင်္ဂလာသီရိမဟာသတိပဋ္ဌာန်ကျောင်းတိုက်**(ရခိုင်ကျောင်း)** ပဓာန နာယက ဆရာတော် (ဘဒ္ဒန္တ ဉာဏစက္က) အရှင်သူမြတ်အား အမှူးထား၍ သံဃာတော်အရှင်မြတ်များအား ကထိန်ကပ်လှူပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဒါယကာ ဒါယိကာမများအား ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၉ရက် ၂၀၀၆ခုနှစ် အောက်တိုဘာ ၂၉ရက် (တနင်္ဂနွေနေ့)
အချိန် – နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီ
နေရာ – မင်္ဂလာသီရိ မဟာသတိပဋ္ဌာန်ကျောင်းတိုက် (ရခိုင်ကျောင်း) မင်္ဂလာဒုံမြို့နယ်

ဗုဒ္ဓသာသနာတော်ချီးမြှောက်ပူဇော်ရေးအဖွဲ့။

အမည်ပြောင်း: အဖဦးစိုးမြင့်ဦး၏သား မောင်ကျော်ဝင်းသိန်း ILBC Primary II (D) အား မောင်သန့်စင်လင်းဟု ပြောင်းလဲခေါ်ပါရန်။
မောင်သန့်စင်လင်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဘ/၃၅၀၇ ယာဉ်လက်ဝယ်ရှိသူ ဦးစိုးချစ် ၁၂/အစန(နိုင်) ၁၃၀၁၅၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး၊အင်းစိန်မြို့။**

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

အမေရိကန်က မြန်မာ့ပြည်တွင်းရေးစွက်ဖက်မှု မန်ပန်ပြည်သူ့စစ်အဖွဲ့ လက်ခံနိုင်ခြင်းမရှိ၊ ကန့်ကွက်

နေပြည်တော် အောက်တိုဘာ ၂၁

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မန်ပန်ပြည်သူ့စစ်အဖွဲ့က သဘောထားထုတ်ပြန်ကြေညာချက်တစ်ရပ်ကို စက်တင်ဘာ ၂၇ရက် နေ့စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောထားထုတ်ပြန်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် မန်ပန်ပြည်သူ့စစ်အဖွဲ့၏ သဘောထား ထုတ်ပြန်ကြေညာချက် (၁/၂၀၀၆)

ရက်စွဲ။ ၂၀၀၆ခုနှစ်၊ စက်တင်ဘာ ၂၇ရက်

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နိုင်ရေးအတွက် ပြည်တွင်းသစ္စာဖောက်၊ ပြည်ပြေးရာဇဝတ်ကောင်နှင့် အကြမ်းဖက်သမားများကို အသုံးချ၍ အစဉ်တစိုက်ကြိုးပမ်းခဲ့ပါသည်။ ဤသို့ကြိုးပမ်းရခြင်းအကြောင်းမှာ မြန်မာနိုင်ငံတွင် အမျိုးသားအကျိုးစီးပွားကို သစ္စာရှိရှိဖြည့်ဆည်းကာကွယ်နေသည့် မျိုးချစ်ပြည်ချစ် အင်အားစုများ ခိုင်မာစွာ တည်ရှိနေသည်ကိုတွေ့ရှိ၍ ၎င်းတို့အားဖယ်ရှားပြီး သြဇာခံ၊ ရုပ်သေးကြိုးဆွဲခံ၊ ပုဆိန်ရိုး လက်ဝေခံ အစိုးရတင်ပြီး နိုင်ငံကိုအပိုင်စီးရန် ကြံရွယ်လုပ်ဆောင်နေခြင်းပင် ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်အစိုးရသည် ပြည်သူလူထု လိုလားသည့်အတိုင်း စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်၊ ဈေးကွက်စီးပွားရေးစနစ်တို့ကို ဖော်ဆောင်လျက်ရှိပါသည်။ ထိုသို့ဖော်ဆောင်ရာတွင် လိုက်နာကျင့်သုံးရမည့် မူဝါဒများအဖြစ် ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက်(၁၂)ရပ်တို့ဖြင့်လည်းကောင်း၊ အကောင်အထည်ဖော်မည့်အဆင့်များကို ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ဖြင့်လည်းကောင်း ခိုင်ခိုင်မာမာ တိတိကျကျ ဖော်ပြထားပြီးဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းကြောင့် မြန်မာနိုင်ငံသည် မည်သည့်အစိုးရ လက်ထက်မှာမျှ မရရှိနိုင်ခဲ့သည့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများနှင့် ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ရရှိခံစားလျက်ရှိနေပါသည်။

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် အောင်မြင်မှုမရှိခဲ့သည့်အတွက် တစ်ဖန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအား အသုံးချရန်အားထုတ်လာပြန်ပါသည်။ မြန်မာနိုင်ငံသည် တစ်ပြည်လုံးတည်ငြိမ်အေးချမ်းပြီး အတိုင်းအတာတစ်ခုထိ ဘက်စုံဖွံ့ဖြိုးတိုးတက်လျက် ရှိပါသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအခြေအနေကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုကို မည်သို့မျှ ထိခိုက်လာစရာ အကြောင်းမရှိပါ။

ထို့ကြောင့် အမေရိကန်နိုင်ငံအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို အသုံးချပြီး မြန်မာနိုင်ငံအား ဖိအားပေးခြင်း၊ ပိတ်ဆို့တားဆီးခြင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းသည် မြန်မာနိုင်ငံ ပြည်တွင်းရေးကို မငြိမ်မသက်ဖြစ်စေခြင်း၊ ပြည်သူလူထုစားဝတ်နေရေးကျပ်တည်းအောင်လုပ်ဆောင်ခြင်း၊အများစု၏ဆန္ဒကိုလျစ်လျူရှုပြီး လက်တစ်ဆုပ်စာမျှသာရှိသည့် ဆန့်ကျင်ဘက်အင်အားစုများကို အားပေးအားမြှောက်ပြုခြင်းနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ်(၂၄)ကို ချိုးဖောက်ရာရောက်နေကြောင်းကို တွေ့ရှိ၍ မရိုးမသားသော ဆောင်ရွက်ချက်ဖြစ်သောကြောင့် မန်ပန်ပြည်သူ့စစ်အဖွဲ့အနေဖြင့် အမေရိကန်လုပ်ဆောင်ချက်များအပေါ် လက်ခံနိုင်ခြင်း မရှိကြောင်းနှင့် ကန့်ကွက်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာပါသည်။

ဦးစိုင်းမွန်း
ဥက္ကဋ္ဌ
မန်ပန်ပြည်သူ့စစ်အဖွဲ့
ရှမ်းပြည်နယ်(မြောက်ပိုင်း)။

ဝါရင့်ပန်းချီဆရာများပူးပေါင်းခြယ်မှုန်းပြသသည့် အမှတ်တရပန်းချီပြပွဲ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့စရိုက်လက္ခဏာများဖော်ညွှန်းပြသ

ရန်ကုန် အောက်တိုဘာ ၂၁

မျက်မှောက်ပန်းချီဆရာများသည် အတိတ်က တည်ရှိခဲ့သော မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ အဆောက်အအုံများ၊ တိုင်းရင်းသားတို့၏ ဓလေ့သဘာဝများ၊ ရှေးခေတ် သဘာဝယဉ်ကျေးမှုများ၊ ဘာသာရေး ထွန်းကားခဲ့ပုံများကို ခြယ်မှုန်း တင်ပြလာသည်ကို တွေ့ရသည်။

ဆွဲဆောင်မှု

ယနေ့ခေတ် ပန်းချီကားများသည်လည်း ပန်းချီဆရာ တစ်ယောက်၏ အတွေးအခေါ် အယူအဆ မြင့်မားလာမှု၊ ပန်းချီကားအသုံးပြုပစ္စည်းဖြစ်သည့် ဆေးအမျိုးမျိုးကဲ့သို့သော ပစ္စည်းများကြောင့် လက်ရာမြောက် ပန်းချီအဖြစ် ဆွဲဆောင်မှု အားကောင်းလာသည်။

ဝါရင့်ပန်းချီဆရာများ၊ ယနေ့လူငယ်ပန်းချီဆရာများ ပါဝင်ပြသသည့် အမှတ်တရပန်းချီပြပွဲ တစ်ရပ်ကို အမှတ် ၆၂၈၊ ၆၃၂ ပထမထပ်၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၌ အောက်တိုဘာ ၁၈ ရက်နံနက်မှ စတင်၍ ခင်းကျင်းပြသလျက်ရှိသည်။

ငြိမ်းအေးရာ

ပန်းချီကား ကြည့်မိသူတိုင်းကို အေးချမ်းမှု အပြည့်အဝပေးနိုင်မည့် ငြိမ်းအေးရာ အမည်ရှိ ပန်းချီကားကို ပန်းချီဆရာ မောင်ကျော်ခေါင်က ဤသို့ စုတ်ချက်မွှန်းထားသည်။

မြန်မာ့ဟန်

ပန်းချီ ကိုကိုအောင်၏ မြန်မာ့ဟန် အမည်ရှိ ပန်းချီကား။

ယင်းအမှတ်တရ ပန်းချီပြပွဲသို့ မြန်မာ့အလင်းသတင်းအဖွဲ့သွားရောက်လေ့လာကာပန်းချီဆရာများနှင့် တွေ့ဆုံ၍ ယင်းတို့၏ ပန်းချီကားများနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်။

ဘဝသရုပ်ဖော်

ရှေးဦးစွာ ဝါရင့်ပန်းချီဆရာ ဦးဝင်းဇင်က "ကျွန်တော် ပန်းချီရေးတာ ၁၀နှစ်ရှိပါပြီ၊ တစ်ဦးချင်း ပန်းချီပြပွဲ သုံးကြိမ်နှင့် အုပ်စုလိုက် အကြိမ်များစွာ ပြသပြီးပါပြီ၊ ရေးဆွဲတဲ့ ပန်းချီကားအမျိုးအစားတွေကတော့ ဘဝသရုပ်ဖော်၊ မိခင်မေတ္တာနှင့် ဗုဒ္ဓယဉ်ကျေးမှုကားများ အများဆုံးရေးပါတယ်၊ ယခုဒီပြပွဲမှာ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုကို ဖော်ကျူးတဲ့ ပဒေါင်းရက်ကန်းရက်နေပုံပန်းချီကား၊ရှမ်းပြည်နယ်ရဲ့အလှကို ဖော်ကျူးတဲ့ ပအိုဝ်းဈေးသည်၊ ဇာတိသွေး ဇာတိမာန်ကို ဖော်ကျူးတဲ့ မြနန်းစံကျောင်း အစရှိသည့်ကားများ ပြသထားပါတယ်၊ အထူးလက်ရာအဖြစ် ပင်းတယလို့ အမည်ပေးထားတဲ့ ဒေသအထိမ်းအမှတ် ညောင်ပင်ကြီးနဲ့ ပအိုဝ်းဈေးသည်တို့ ဈေးအပြန် မြင်ကွင်းတို့ကို သဘာဝကျကျ တင်ပြထားပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

သတင်းမြင်ကွင်း

မြင့်မောင်ခိုး

ဈေးအပြန်မြင်ကွင်း

ပင်းတယဒေသ၏ အထိမ်းအမှတ်အဖြစ် တည်ရှိနေသော အထင်ကရ ညောင်ပင်ကြီးနှင့် ဒေသခံများ၏ ဈေးအပြန် မြင်ကွင်းကို ပန်းချီဆရာ ဝင်းဇင်က ဤသို့ ခြယ်မှုန်းထားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ဝါရင့်ပန်းချီဆရာ ကိုကိုအောင် ရေးဆွဲပြသထားသော ပန်းချီကားများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ "ကျွန်တော် ဒီပြခန်းမှာ ရေဆေးခုနစ်ကားနဲ့ ဆီဆေးတစ်ကားပြသပါတယ်၊ အထူးသဖြင့် ပုဂံမှာရှိတဲ့ မီးမလောင်ကျောင်း၊ တန့်ကြည်တောင်နှင့် ဧရာဝတီမြစ်၏ အလှ၊ ပုပ္ပားတောင်ကလပ်၊ မြန်မာ အမျိုးသမီးတစ်ယောက်ရဲ့ ဝတ်စား ဆင်ယင်မှုကို ဖော်ကျူးတဲ့ မြန်မာ့ဟန် ပန်းချီကားနဲ့ ပင်းတယဘုရားဖူးများရဲ့ ဓလေ့သဘာဝ အစရှိတဲ့ ကားတွေဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

တပင်တိုင်အက

တစ်ဖန် ပန်းချီဆရာမောင်ကျော်ခေါင်က "ကျွန်တော်ဒီပြပွဲမှာ အဓိကပြတဲ့ကားနှစ်ကားရှိပါတယ်။ အဲဒီကားတွေကတော့ တပင်တိုင်အကနှင့် ငြိမ်းအေးရာလို့ အမည်ပေးထားတဲ့ ကားနှစ်ကားဖြစ်ပါတယ်။ တပင်တိုင်အကလို့ အမည်ပေး ထားတဲ့ကားဟာ အလင်းပြောင်းပြန် နည်းဖြင့် ခြယ်မှုန်းထားတာပါ၊ အလှ တရားနှင့် ခံစားမှု ပေါင်းစပ် တင်ပြထားခြင်း ဖြစ်ပါတယ်။ ငြိမ်းအေးရာလို့ အမည်ပေးထားတဲ့ကားဟာ ဆိုရင်လဲ ပန်းချီကားကို ကြည့်လိုက်ရုံဖြင့် တကယ်ကိုပင် စိတ်ချမ်းမြေ့ဖွယ်ကောင်းအောင် ပန်းချီအနုပညာနဲ့ စိတ်ခံစားမှု ပေါင်းစပ်ပြီး ရေးဆွဲထားခြင်းဖြစ်ပါ တယ်"ဟု ပြောကြားသည်။

သံဃာတော်များ

ထို့နောက် ကိုသိန်း(စပ်စု)က "ကျွန်တော် ဒီပြပွဲမှာ သံဃာတော်များလို့ အမည်ပေးထားတဲ့ ကားဟာ အထူးလက်ရာအဖြစ် ပြသခြင်းဖြစ်ပါတယ်။ ကျွန်တော့်ပန်းချီကားတွေကို အားပေးတဲ့သူ များပြားတယ်၊ ရုပ်ရှင်နှင့် ဗီဒီယိုလည်း ရိုက်ပါတယ်၊ ပန်းချီလည်း ဝါသနာအရ ရေးဆွဲပါတယ်" ဟု ပြောကြားသည်။

အင်းလေးဖောင်တော်ဦး

ထို့အပြင် ပန်းချီဆရာမောင်သီအောင်၏ အင်းလေးဖောင်တော်ဦးဘုရားဈေး၊ ပန်းချီဆရာ စိုင်းထွန်းထွန်း၏ ကိုရင်လေးများ၊ လှည်းစခန်း၊ ဦးပိန်တံတား၊ ပန်းချီဆရာ ကိုသန်းစိုး၏ အာနန္ဒာဘုရားပွဲ၊ ပုဂံမြို့ရိုး၊ ဦးထွန်းရွှေ၏ သီတာနှင့် ဒသ၊ ပန်းတွေနဲ့ဝေ၊ နာဂသုဒ္ဓရ၏ မွေတော်ကက္ကူ၊ ကိုဝင်းခိုင်၏ ဒွေးမယ်နော် ပန်းချီကားများကလည်း ပန်းချီပြပွဲလာပရိသတ်များကို ညှို့ယူဖမ်းစားလျက်ရှိသည်။

ပအိုဝ်းဈေးမြင်ကွင်း

အင်းလေးဒေသ၏ ပအိုဝ်းဈေးမြင်ကွင်းကို ပန်းချီဆရာ မောင်သီအောင်က ဤသို့ မှတ်တမ်းတင်ခဲ့သည်။

အခမဲ့ကြည့်ရှုလေ့လာနိုင်

ယင်းပန်းချီပြပွဲတွင် ပန်းချီဆရာ ၁၄ ဦးပါဝင်ပြသပြီး ဆီဆေး ၅၇ ကား၊ အခရိုင်းလစ်ခ် ၃၅ ကား၊ ရေဆေးကား ၂၀၊ ပယ်စတယ်တစ်ကား စုစုပေါင်း ပန်းချီကား ၁၁၃ ကား ပြသထားကြောင်း သိရသည်။ ၎င်း ပန်းချီပြပွဲကို အောက်တိုဘာ ၁၈ ရက်မှ အောက်တိုဘာ ၂၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ၅နာရီအထိ ဖွင့်လှစ်ပြသထားရာ မည်သူမဆို အခမဲ့သွားရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

တိုင်းရင်းသားလူမျိုးများ

ကလောရှိ ကျေးလက်ဒေသမှ တိုင်းရင်းသားများ၏ ဈေးအပြန် မြင်ကွင်းကို ပန်းချီဆရာ တင်ဝင်းအောင်က ဤသို့ တင်ပြထားသည်။

မြိတ်မြို့နယ် ကျွဲကူးကျေးရွာ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် အလှူငွေနှင့် သုတ ရသ စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကျင်းပ

မြိတ် အောက်တိုဘာ ၁၀

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းငွေနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် အောက်တိုဘာ ၃ ရက် နံနက် ၈ နာရီက မြိတ်မြို့နယ်စန္ဒဝတ်ကျေးရွာအုပ်စု ကွမ်းသီးချောင်းကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ရောက်ရှိကြပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန်းငွေက အလှူငွေကျပ် ၅၀၀၀၀ နှင့်သုတရသစာအုပ် ၂၅၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံ ဦးမျိုးနိုင်က လက်ခံရယူသည်။ (အောက်ပုံ)

ထို့နောက် တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့်အဖွဲ့ဝင်များသည် မြိတ်မြို့နယ် ကျွဲကူးကျေးရွာသို့ ထွက်ခွာလာကြပြီး ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ကို တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းငွေနှင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယကက စာကြည့်တိုက်အတွက် အလှူငွေကျပ် ၅၀၀၀၀ နှင့် သုတ ရသစာအုပ် ၂၅၀ ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးဦးတက်တိုးက လက်ခံရယူသည်။

ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များသည် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးရာ စာကြည့်တိုက်ကော်မတီဝင်များက ရှင်းလင်းတင်ပြကြသည်။ **(ခရိုင် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေပြတ် မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူ လ ကျောင်း ဟောင်း) နောက်ကျော ဘက် ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန် အတွက် ရန်ကုန်မြို့ ကြည့်မြင် တိုင်မြို့နယ် အမှတ်-၁၁ ဦးလူနီလမ်း ကရင်အမျိုးသား ရပ်နေ ဖခင်ကြီး ဦးအန်းကြီးမောင်-မိခင်ဒေါ်စိန်ရင်၊အစ်မ ဒေါ်မြရွှေ၊သားမောင်မျိုးသန့်တို့အား ရည်စူး၍ ဦးပန်းလှိုင်-ဒေါ်သောင်းကြည် သားသမီးမြေးတစ်စုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော်၊ အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ တိုင်းတပ်ဖွဲ့ဝင်များ၊ ခရိုင်တပ်ဖွဲ့ဝင်များ၊ ပြည်မြို့နယ်မှ တပ်ဖွဲ့ဝင်များနှင့် အမှတ် (၁၀)ရဲတပ်ရင်းမှ တပ်ဖွဲ့ဝင်များ စုပေါင်း၍ စက်တင်ဘာ ၂၅ ရက်က (၄၂)ကြိမ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်မြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ကြရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးဆွေဝင်းနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။ (၁၉၉)

သက်ကြီးရွယ်အိုများနေ့ စစ်ကိုင်း၌ကျင်းပ ကျန်းမာရေးစောင့်ရှောက် ကုသမှုများဆောင်ရွက်

စစ်ကိုင်း အောက်တိုဘာ ၈

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက စစ်ကိုင်းမြို့ ရွာထောင် ဘိုးဘွားရိပ်သာတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်နှင့် အဖွဲ့ဝင်များက အဘိုး၊အဘွားများကို လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။

လက်ခံရယူ

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး ရွာထောင်ဘိုးဘွားရိပ်သာအတွက် လှူဒါန်းငွေများကို ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်နှင့် အဖွဲ့ဝင်များက ပေးအပ်လှူဒါန်းကြရာ ရွာထောင်ဘိုးဘွားရိပ်သာမှ တာဝန်ရှိသူများအား လက်ခံယူကြသည်။

ကုသမှု

ရွာထောင်ဘိုးဘွားရိပ်သာအတွက် လှူဒါန်းငွေစုစုပေါင်းမှာ ကျပ်ငါးသိန်းကိုးသောင်းကိုးထောင်ကျော် လှူဒါန်းခဲ့ကြပြီး ရွာထောင် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား စစ်ကိုင်းခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးနှင့် ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ကုသမှုများ ပြုလုပ်ပေးကြသည်။

(ခရိုင် ပြန်/ဆက်)

လားရှိုးမြို့ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ရာပြည့်ပွဲအထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်

လားရှိုး အောက်တိုဘာ ၁၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန နှစ်(၁၀၀)ပြည့် ရာပြည့်ပွဲအထိမ်းအမှတ်အခမ်းအနားကိုအောက်တိုဘာ ၁၀ရက်နံနက် ၉နာရီက လားရှိုးမြို့ အဆိုပါဦးစီးဌာန ပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လှိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလဗွန်တန်ဂွန်း၊ ဦးစီးအရာရှိ ဦးရဲထွန်းနှင့် ဝန်ထမ်းများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆောင်ရွက်

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လှိုင်က ဦးစီးဌာန၏ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ဟောပြောပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးလဗွန်တန်ဂွန်း က ဦးစီးဌာန၏ နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဒုတိယနှင့် ပထမဆုရ အသင်းတို့ကို ဆုချီးမြှင့်၍ ဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်း ၂၃ ဦးတို့အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ချီးမြှင့်သည်။

ဆက်ကပ်

ထို့နောက် ရန်အောင်မြင်ကျောင်းတိုက် ပဓာနနာယကဆရာတော်အရှင်ဦးဝိစိတ္တနှင့် သံဃာတော်ကိုးပါးတို့ထံမှ ပရိတ်တရားနာကြားပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

(ကြေးတိုင်နှင့်မြေစာရင်း)

နောင်ချို အထက တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရေးစည်းဝေး၊ ဆက်သွယ်လှူဒါန်းနိုင်

နောင်ချို စက်တင်ဘာ ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ခန်း ခြောက်ခန်းပါ ပေ ၃၀၊ ပေ ၁၈၀ ရှိသည့် တစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာများကို တာဝန်ရှိသူများက ဆွေးနွေးကြသည်။

အဆိုပါ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ကြသည့် ကျောင်းသားကျောင်းသူဟောင်းများ တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရေးလုပ်ငန်းတွင် လှူဒါန်းလိုပါက ဦးကျော်မြ (ဥက္ကဋ္ဌ ဘဏ္ဍာရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၂-၄၄၄၈၄၊ ၄၄၄၈၅၊ ဦးစိုးထွန်း (ဥက္ကဋ္ဌ ဘဏ္ဍာငွေထိန်းသိမ်းရေးဆပ်ကော်မတီ) ဖုန်း-၀၂-၄၄၄၈၄၊ ၄၄၄၈၅-လိုင်းခွဲ-၈၀၈၊ ဦးထွန်းဝင်း (အတွင်းရေးမှူး ဘဏ္ဍာရှာဖွေရေး) ဖုန်း ၀၂-၄၄၄၈၄၊ ၄၄၄၈၅-လိုင်းခွဲ-၁၀၄၊ ဦးဇော်မင်းကျော် (တာဝန်ခံ ဆက်သွယ်ရေး ဘဏ္ဍာရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၈၂-၄၀၅၇၀၊ ၄၀၅၁၂၊ ဦးကရင်း (ဘဏ္ဍာငွေထိန်းသိမ်းရေးဆပ်ကော်မတီ) ဖုန်း-၀၂-၄၄၄၈၄၊ ၄၄၄၈၅-လိုင်းခွဲ-၈၂၇ နှင့်ဦးအောင်နိုင် (တွဲဖက်အတွင်းရေးမှူး ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ) ဖုန်း-၀၈၂-၄၀၅၁၂-လိုင်းခွဲ-၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၂၄၇)

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင်နှင့်အဖွဲ့ စက်တင်ဘာ ၂၀ ရက်က ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော နိဗ္ဗာန်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ရန် ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးမင်းတို့က ရှင်းလင်းတင်ပြစဉ်။ (၂၆၀)

မြို့နယ်သတင်းများ



မြေပုံမြို့နယ် စည် ပင် သာ ယာ ရေး အဖွဲ့ ဝန် ထမ်း များ မြို့ သန့် ရှင်း သာ ယာ လှပ ရေး အတွက် ပန်း အိုး များ ဆောင် ရွက် မှု ကို အမှုဆောင် အရာရှိ ဦးဦး ချစ်မောင်နှင့် အငယ်တန်းအင်ဂျင်နီယာ (၃) ဦးသန်းလှိုင်စိုး တို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်ခရာ

၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၃ ရက်
၂၃-၁၀-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်ဆုရသူများနှင့် ဆွေးနွေးခန်း (အပိုင်း-၁)

၁၁:၄၀ သုတစုံစွာသိမှတ်စရာ (အစားသည်ဆေး) (သိပ္ပံမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၂:၂၅ အားကစားသတင်းပဒေသာ

၁၂:၃၅ သီချင်းကြီးပဒေသာ
(၁) သိင်္ဂါရွှေဘုံ (ပတ်ပျိုး) (ကျိုက်လတ်စောအောင်)
(၂) သာဆန်းရဂုံဘွေ (ပတ်ပျိုး) (သိမ့်သိမ့်ဆွေ)

၁၃:၁၀ ပညာရေးအစီအစဉ်
(မူလတန်းအထက်ဆင့်-မြန်မာစာ)
(မူလတန်းဆင့်ပုံပြင် သင်ကြားခြင်း)

ညနေပိုင်း

၁၆:၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) ရွှေညာသူ (နေဖြူစိုးသိန်း)
(၂) ပျို့မောင်ဖုန်း (စိုးစန္ဒာထွန်း)
(၃) အညာအလှရဲ့ရှုခင်းတစ်ကွက် (ရွှေဆည်ငြိမ်းမောင်မောင်)

၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၇:၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (တန်ဆောင်မုန်းလနဲ့ကထိန်ပွဲ)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉:၁၅ ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း
ရန်ကုန်စံမတူဆိုင်း
ရန်ကုန်စိန်ကြိုင်ဆိုင်း
ရန်ကုန်စိန်သောင်းဆိုင်းတို့၏ ဆိုင်းပဒေသာ

၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မောင်ပေါက်ကျိုင်းလိုလူစား (နီနီဝင်းရွှေ)
(၂) လွင့်ပျယ်သွားသော အိပ်မက်များ (လှမြင့်ဝင်း)
(၃) ယုံကြည်လျက်ပါ မောင့်မေတ္တာ (နွဲ့ယဉ်ဝင်း)

မြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
လုပ်ငန်းသုံးစက်ပစ္စည်းများ ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး စက်ပစ္စည်းများကို ယှဉ်တွဲပါ အရေအတွက်များအတိုင်း ဝယ်ယူလိုပါသည်–

(1) A 4 Printer	4 Nos
(2) A 3 Printer(HP 5100 TN)	2 Nos
(3) Plain Paper Copier	3 Nos
(4) Computer PIV	10 Nos
(5) Digital Satellite Receiver	20 Nos
(6) Maintenance Equipment for 9 Regional Zone	1 Lot
(7) 3 Head Stereo Cassette Recorder	3 Nos
(8) Radio Receiver	7 Nos
(9) 7.5 KVA Generator	4 Nos

၂။ တင်ဒါပေးသွင်းမှုကို ၃၁–၁၀–၂၀၀၆ရက် ၁၆:၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း–၅၃၇၆၈၅။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၇၉၃၆ Honda C90 Custom cmv M/C ယာဉ် လက်ဝယ်ရှိသူ အမည် ဦးစိုးမင်းအောင် မှတ်ပုံတင်အမှတ် ၇/ပမန(နိုင်) ၁၁၄၅၂၂က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၈၆၉၃ (Honda C90 Custom cmv M/C) ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်မာမာ မှတ်ပုံတင်အမှတ် ၉/မရတ (နိုင်) ၀၃၆၈၈၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၃၁၈၃၅၊ ၁ယ/၁၇၆၄၃ ယာဉ်လက်ဝယ်ရှိသူအမည် ဦးမြင့်အောင် မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်) ၀၃၆၈၈၄ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၅၃၆၅၊ ယ/၈၀၄၀၇ Honda C90 Custom ယာဉ် လက်ဝယ်ရှိသူ အမည် ဦးဇော်မင်းထွန်း မှတ်ပုံတင်အမှတ် ၉/ခမစ(နိုင်)၀၂၄၉၅၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၂၂

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။ (၎င်းဘဏ်၏ကိုယ်စားခရိုင်မန်နေဂျာ) **တရားနိုင်**
နှင့်
၁။ ဦးစိုးညွန့် ၂။ ဒေါ်ခင်မာဦး **တရားရှုံး**

မိတ္ထီလာခရိုင်တရားရုံး၏ ၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ် ၁၉တွင် ချမှတ်ထားသော ဒီကရီအရ တရားရှုံးများက တရားနိုင်သို့ ပေးသွင်းရန် ၃၃၄၄၅၈၈ကျပ် ၆၆ ပြား (ကျပ်သုံးဆယ့်သုံးသိန်းလေးသောင်းလေးထောင်ငါးရာရှစ်ဆယ့်ရှစ်နှင့် ခြောက်ဆယ့်ခြောက်ပြား)ကို ပေးသွင်းရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့၊ (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့) နေ့မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချပါမည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပြည်သာယာမြောက်ရပ်ကွက်၊ ဦးပိုင်အမှတ် (၁၂၇)၊ အကွက်အမှတ် (၈/ပြည်သာယာမြောက်)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၃၄ ဧကမြေနှင့် မြေပေါ်ရှိ (၂၇x၂၇)ပေရှိ လူနေတစ်ထပ်တိုက်။ (၉x၂၇)ပေရှိ မီးဖိုဆောင်နှင့် ရေချိုးခန်း။

လေလံကြမ်းခင်းဈေးကျပ် (၄၁)သိန်း
လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှသာဖြစ်ပါသည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

ရောင်းမည်

ကမာရွတ် Highway Complex တိုက်ခန်းများ
(၂၆ x ၅၁) 1f 1MBR. 2 BR အမည်ပေါက် ကျပ် သိန်း ၃၈၀။
(၂၅ x ၅၀)˚2f 1MBR. 2 BRပြင်ပြီး အမည်ပေါက် ကျပ် သိန်း ၃၂၀။
(၂၅ x ၅၀)3f 1MBR. 2 BR ပြင်ပြီး အမည်ပေါက် ကျပ် သိန်း ၂၉၀။
ဖိုးဝအိမ်ခြံမြေလုပ်ငန်း ဖုန်း–၀၉–၅၁–၀၁၇၂၅၊ ၀၉–၅၁–၄၃၄၇၁။

မိဘအမည်မှန် မြစ်ကြီးနားမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(B/ 1)မှ မတင်နီလာဦး၏ မိဘအမည်မှန်မှာ ဦးအောင်စိုးနှင့် ဒေါ်တင်မျိုးမျိုးလတ်တို့ဖြစ်ကြပါသည်။ **ဦးအောင်စိုး–ဒေါ်တင်မျိုးမျိုးလတ်။**



အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့ ပြည်တော်သာရပ် ခွာညိုလမ်း အမှတ် ၁၆၄ နေ အဖ ဦးသန်းဝင်းနှင့် အမိ ဒေါ်အေးအေးချစ်တို့၏ သားဖြစ်သူ မောင်သန်းထိုက် ၁၃/တကန(နိုင်)၁၃၇၀၄၇ သည် အဘွားဖြစ်သူ ဒေါ်ကျင်စိန်နှင့်မိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်သဖြင့် ယနေ့မှစ၍ မြေး၊ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်တင်မာရီ(၆၆၈၄)
အထက်တန်းရှေ့နေ၊ တောင်ကြီးမြို့။

ချောင်းဦးမြို့ သန့်ရှင်းသာယာလှပရေး ကျေးလက်အိမ်ရာများ ဆောက်လုပ်

ချောင်းဦး အောက်တိုဘာ ၃

စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးကိုကိုသည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးတို့ လိုက်ပါလျက် စက်တင်ဘာ ၂၄ ရက်က ချောင်းဦး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်တို့က ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ပံ့ပိုး

ဒုတိယအင်ဂျင်နီယာချုပ်နှင့် အဖွဲ့သည် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှု၊ စားဖိုဆောင်သုံး သီးနှံစိုက်ခင်း၊ မော်တော်ယာဉ်ဂိုဒေါင်နှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့၍ အဖွဲ့မှကြီးကြပ်ဆောင်ရွက်ပေးခဲ့သည့် နတ်ရေကန်ကျေးရွာရှိ ဦးခင်မောင်လင်း၏ ကျေးလက်အိမ်ရာကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးကြသည်။ **(အပေါ်ဝဲပုံ) (မြို့နယ်စည်ပင်)**

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်း သာယာလှပသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်းကြီးကြပ်သော ဝန်ထမ်းများ မြို့လယ်လူသွားလမ်း ပလက်ဖောင်းပေါ်ရှိ မြက်ပင်များနှင့် အမှိုက်များကို ရှင်းလင်းဆောင်ရွက်ကြစဉ်။ (ဝ၆၁)

ကျိုက်မရောမြို့နယ်အသင်း မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် အောက်တိုဘာ ၂၁

ကျိုက်မရောမြို့နယ်အသင်း (ရန်ကုန်)၏ ပထမအကြိမ် နှစ်ပတ်လည်မဂ္ဂဇင်းကို မကြာမီထုတ်ဝေမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်ရေးသားနိုင်ကြောင်းနှင့် စာမူနှင့်ကြော်ငြာများကို အောက်တိုဘာ ၃၁ ရက်နောက်ဆုံးထား၍ အသင်းတည်ရှိရာ အမှတ် ၁၃၅ မြေညီထပ် သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း–၇၀၅၈၁၅ သို့ ဆက်သွယ်ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သတ္တမမြောက်နေ့ အစီအစဉ်များ လှည့်လည်ကြည့်ရှုအားပေး ဂီတပညာရှင်ကြီးများနှင့် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၁

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ်နယ်မြေနှင့် သုတေသနနယ်မြေတို့၌ကျင်းပလျက်ရှိသည့် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ရောက်ရှိလာပြီး ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသား တိုင်းရင်းသူများ၏ ဝင်ရောက်ယှဉ်ပြိုင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၄ ကော်လံ ၅ ❐

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဝါသနာရှင်အဆင့် တေးစာသားအား သံစဉ်ထည့်သွင်း သီဆိုပြိုင်ပွဲ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တိုင်းလုံးကျွတ် ဖွင့်လှစ်ပြီးစီးခြင်းအောင်ပွဲ အခမ်းအနားကျင်းပ အလှူငွေ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ ကက်ဆက်နှင့်စာအုပ်စာစောင်များလှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၁

တနင်္သာရီတိုင်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တိုင်းလုံးကျွတ်ဖွင့်လှစ်ပြီးစီးခြင်း အောင်ပွဲနှင့် အလှူငွေ၊ ရုပ်မြင်သံကြား၊ ရေဒီယို၊ ကက်ဆက်နှင့်စာအုပ်စာစောင်လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်၍ အမှာစကားပြောကြားပြီး အလှူငွေများကို လက်ခံသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ▼

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စောင်း အတီး ပြိုင်

အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် စောင်းအတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မောင်မိုးမြင့်ဆက်ဤသို့ တီးခတ်ယှဉ်ပြိုင်ခဲ့သည်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

လက်ခုပ်သံများ၊ အကြိတ်အနယ်ယှဉ်ပြိုင်မှုများဖြင့် ပြည့်လျှမ်းနေသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

နေပြည်တော် အောက်တိုဘာ ၂၁

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၅ ရက်မှစ၍ နေပြည်တော်၌ကျင်းပနေသည်မှာ အရှိန်အဟုန်ရနေပြီဖြစ်သည်။ ပြိုင်ပွဲဝင်များကလည်း အပြိုင်အဆိုင်ကြိုးစားနေကြသကဲ့သို့ အားပေးသူဒေသခံပြည်သူများကလည်း ကြုံတောင့်ကြုံခဲပြိုင်ပွဲကြီးကို တစ်ခဲနက်လာရောက်အားပေးကြည့်ရှုနေကြသည်မှာ ဝမ်းမြောက်အားရဖွယ်ရာမြင်ကွင်းပင်ဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၁ ■